# ပိဋကသုံးပုံ ပါဠိတော် မြန်မာပြန်

# စာမေးပွဲ မေးခွန်းနှင့်စံပြအဖြေများ



🌻📖အုပ်စု(၁).ဝိနည်း ငါးကျမ်း📖

☸💐 ၃။မဟာဝါ ဘာသာ 💐☸

✍စာချကထိက-အရှင်သီလဝံသာလင်္ကာရ(ရေစကြို) စုစည်းပူဇော်သည်✍

ဗဟန်း.မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်

ဓမ္မစေတမနအဖွဲ့မှ ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၁) ဝိနယပိဋက**

**မဟာဝါ ပါဠိတော် မြန်မာပြန် မေးခွန်း**

ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၂) ရက်၊ (၂၀. ၆. ၂၀၁၃) ကြာသပတေးနေ့

ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●

၁။ တရားဦး မနာထိုက်သူဖြစ်သော ဥပက အာဇီဝကသည် မြတ်စွာဘုရားနှင့် တွေ့သောအခါ မြတ်စွာဘုရားအား လျှောက်ထားသော စကားတို့ကို ဖော်ပြ၍၊ "သံဝေ မပါ၊ တရားမရှာနှင့်"ဟူသော စကားအရ ယသသူဌေးသားအား သံဝေဂဉာဏ်ဖြစ်စေသော မောင်းမမိသံ အခြံအရံ တို့၏ အမူအရာတို့ကို ဖော်ပြပါ။

၂။ ဥပဇ္ဈာယဝတ္တကထာလာ အအေး၊ အပူစသော ရာသီအလိုက် တံခါးဖွင့်ပုံ/ပိတ်ပုံတို့ကို နေ့ ည ခွဲခြားဖြေဆို၍၊ လူသားစင်စစ်မဟုတ်သော တိရစ္ဆာန်အား ရဟန်းခံမပေးရခြင်း၏ အကြောင်းဝတ္ထုအကျဉ်းချုပ်ကို ဖော်ပြပါ။

၃။ မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်သော အကြီးဆုံးသိမ်၏ ပမာဏကို ဖော်ပြ၍၊ ဥပုသ်အမျိုးအစား ၂-မျိုးကိုလည်း ဖော်ပြပြီးလျှင် ဥမ္မတ္တကသမ္မုတိပေးထိုက်သော ရူးသောရဟန်း၏ အင်္ဂါတို့ကိုလည်း ဖော်ပြပါ။

၄။ ဝါတွင်း၌ ဂိလာနရဟန်းထံ ၇-ရက်အတွင်း သွားနိုင်ရာအခါ၌ သွားသောရဟန်း၏ ရည်ရွယ်ချက်ကို ဖော်ပြ၍၊ မြတ်စွာဘုရားလက်ထက်အခါက သာဝတ္ထိမြို့နေ သံဃာတို့ပြုထားသော အဓမ္မိက ကတိကဝတ်ကို ဖော်ပြပြီးလျှင် ထိုအဓမ္မိက ကတိကဝတ်ကြောင့် ဝိသာခါကျောင်းအမကြီးက ရဟန်းတို့အား ကဲ့ရဲ့ပုံကို ဖော်ပြပါ။

၅။ ပဝါရဏာပြုရခြင်း၏ အကျိုးကျေးဇူးကို ဖော်ပြ၍၊ ကျောင်းတိုက်အတွင်း၌ ဖိနပ်စီးရန် မြတ်စွာဘုရား ခွင့်ပြုတော်မူထားသောသူများကို ဖော်ပြပါ။

၆။ မြတ်စွာဘုရားပေးသော ဆေးနည်းတို့တွင် မြွေဆိပ်ဖြေဆေး (၄) မျိုးကို ဖော်ပြ၍၊ ရဟန်းများ မစားကောင်းသော အသားကြီး (၁၀)မျိုးကိုလည်း ဖော်ပြခဲ့ပါ။

၇။ မြတ်စွာဘုရားသည် ပါဋလိရွာရှိ ဥပါသကာတို့အား ဟောကြားတော်မူအပ်သော သီလပြည့်စုံခြင်း၏ အကျိုးတရား ၅-ပါးတို့ကို ဖော်ပြ၍၊ ဘာသာခြားအယူရှိသော သီဟစစ်သူကြီး ဒုတိယသရဏဂုံ, တတိယသရဏဂုံ တည်စေနိုင်သော မြတ်စွာဘုရား၏ စကားတော်တို့ကိုလည်း ဖော်ပြခဲ့ပါ။

၈။ ကထိန်အာနိသင် ပျက်ပြယ်မသွားအောင် စောင့်ရှောက်တတ်သော အရာတို့တွင် စီဝရပလိဗောဓ၏ အဓိပ္ပာယ်ကို ရေးပြ၍၊ ဆေးပါရဂူဘွဲ့ရ ဆရာဇီဝက၏ ဆေးတက္ကသိုလ်၌ ပညာသင်နည်းကိုလည်း ရေးပြပြီးလျှင် သင်္ကန်းတို့ကို စားခွဲ/စားဖြက် စပ်၍ ချုပ်ရခြင်း၏ အကျိုးကျေးဇူးကိုလည်း ဖော်ပြပါ။

၉။ ဝိသာခါကျောင်းအမကြီး မြတ်စွာဘုရားကို လျှောက်ထားသော ဘိက္ခုနီမတို့အား ရေသနုပ်လှူဒါန်းလိုခြင်း၏ အကြောင်းကို ဖော်ပြ၍၊ ခိုက်ရန်ဖြစ်ပွား ကွဲပြားနေသော ကောသမ္ဗီပြည်ရှိ ရဟန်းသံဃာအား ဆုံးမ၍ မရသဖြင့် မြတ်စွာဘုရား ကောသမ္ဗီပြည်မှ ဖဲသွားတော်မူရာ ကောသမ္ဗီပြည် ဥပါသကာတို့၏ ထိုပြည်ရှိ သံဃာများအပေါ်၌ ပြုမူဆက်ဆံကြသော သာသနာပြုနည်းကိုလည်း ဖော်ပြခဲ့ပါ။

၁၀။ အောက်ပါ ကွက်လပ်တို့ကို မှန်ကန်အောင် ဖြည့်ပြခဲ့ပါ။

(က) ပဥ္စဝဂ္ဂီ ၅-ဦးအား ရဟန္တာဖြစ်စေရန် နာကြားခဲ့ရသော သုတ်တော်၏ အမည်မှာ-------- ဖြစ်ပါသည်။

(ခ) မြတ်စွာဘုရား ပဌမခွင့်ပြုတော်မူခဲ့သော ရှင်သာမဏေ ပြုနိုင်သော အသက်အရွယ်မှာ -------- နှစ် ဖြစ်ပါသည်။

(ဂ) ဂိလာနရဟန်းတော်အတွက် မိမိပေါင်အသားကိုပင် ရဲရဲဝံ့ဝံ့ လှူဒါန်းခဲ့သော ဥပါသိကာမ၏ အမည်မှာ --------- ဥပါသိကာမဖြစ်ပါသည်။

(ဃ) ဆရာဇီဝက၏ ဆေးတက္ကသိုလ်၌ ပညာသင်ကြားခဲ့သော နှစ်အရေအတွက်မှာ ------- နှစ် ဖြစ်ပါသည်။

(င) ဒီဃာဝုမင်းသား၏ ဖခင်အမည်မှာ -------- မင်းဖြစ်ပါသည်။

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်တိုင်းဒေသကြီး
ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
**အုပ်စု (၁) ဝိနယပိဋက**
**မဟာဝါ ပါဠိတော် မြန်မာပြန် အဖြေမှန်**

ဓမ္မစေတမန်

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၂) ရက်၊ (၂၀. ၆. ၂၀၁၃) ကြာသပတေးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

၁။ ဥပကအာဇီဝက မြတ်စွာဘုရားအား လျှောက်ထားသော စကားတို့မှာ "ငါ့ရှင် သင်၏ ဣန္ဒြေတို့သည် အထူးသဖြင့် ကြည်လင်ကုန်၏၊ အရေအဆင်းသည် စင်ကြယ်၏၊ ဖြူစင်၏၊ ငါ့ရှင် သင်သည် အဘယ်သူကို ရည်ညွှန်း၍ ရဟန်းပြုသနည်း၊ သင်၏ ဆရာကား အဘယ်သူနည်း၊ သင်သည် အဘယ်သူ၏ တရားကို နှစ်သက်သနည်း"ဟူ၍ ဖြစ်ပါသည်။ (မြန်၊နှာ-၁၂) (၅-မှတ်)

ယသသူဋ္ဌေးသားအား သံဝေဂဉာဏ်ဖြစ်စေသော မောင်းမမိဿံ အခြံအရံတို့၏ အမူအရာတို့မှာ မိန်းမတယောက်က လက်ကတီးကြား၌ စောင်းကို ပိုက်လျက်၊ မိန်းမတယောက်က လည်၌ မုရိုးစည်ကို လွယ်လျက်၊ မိန်းမတယောက်က လက်ကတီးကြား၌ ထက်စည်ကို ပိုက်လျက်၊ မိန်းမတယောက်ကား ဆံပင်ဖရိုဖရဲကြဲလျက်၊ မိန်းမတယောက်ကား သွားရည်ယိုစီးလျက်၊ အခြားသော မိန်းမတို့ကား ယောင်ယမ်းကုန်လျက် လက်သို့ ရောက်သော သုသာန် သင်္ချိုင်းကဲ့သို့ အိပ်ပျော်နေသော မိမိ၏ ဖြေဖျော်သူအပေါင်းတို့ ဖြစ်ပါသည်။ (မြန်ပြန်၊နှာ-၂၃) (၅-မှတ်)

၂။ **ရာသီအလိုက် တံခါးဖွင့်နည်း/ပိတ်နည်း**

အေးသောအခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ဖွင့်ရမည်။ ညဉ့်အခါ၌ ပိတ်ထားရမည်။ (၂-မှတ်)
ပူအိုက်သောအခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ပိတ်ရမည်၊ ညဉ့်အခါ၌ ဖွင့်ထားရမည်။
(မြန်ပြန်၊နှာ-၆၉) (၂-မှတ်)

**တိရစ္ဆာန်အား ရဟန်းခံ မပေးရခြင်း၏ အကြောင်းဝတ္ထု**

တရံရောအခါ နဂါးတကောင်သည် နဂါးဘဝကို စက်ဆုပ်သဖြင့် နဂါးဘဝမှ လွတ်နည်း၊ လူဘဝကို လျင်မြန်စွာ ရနည်းကို ကြံစည်၏။ ထို့နောက် ထိုနဂါးအား "ဤသာကီဝင်မင်းသား ဘုရားသား ရဟန်းတော်တို့သည် တရားကို ကျင့်လေ့ရှိ၏။ မှန်သောစကားကို ဆိုလေ့ရှိကုန်၏။ ကောင်းသောအကျင့်ကို ကျင့်လေ့ရှိကုန်၏။ သီလရှိကုန်၏။ အကယ်၍ ငါသည် ရဟန်းပြုအံ့ ငါသည် နဂါးဘဝမှ လွတ်ရာ၏။ လျင်စွာ လူအဖြစ်ကို ရရာ၏"ဟု အကြံဖြစ်ပြန်၏။ နဂါးသည် လုလင်အသွင်ဖြင့် ရဟန်းတို့ထံ ချဉ်းကပ်၍ ရဟန်းအဖြစ်ကို တောင်း၏။ ထိုနဂါးကို ရဟန်းတို့သည် ရှင်ရဟန်းပြုပေးကုန်၏။ ထိုနဂါးသည် တပါးသော ရဟန်းနှင့်အတူ အစွန်ဖြစ်သော ကျောင်း၌နေ၏။ တပါးသော ရဟန်းသည် နံနက်စောစောထ၍ ဟင်းလင်းပြင် လွင်တီးခေါင်၌ စင်္ကြံသွား၏။ ထိုအခါ နဂါးသည် ရဟန်းထွက်သွားသောအခါ သတိလွတ်ကင်း အိပ်ပျော်ခြင်းသို့ ရောက်၍ တကျောင်းတိုက်လုံး အခွေတို့ဖြင့် ပြည့်နေ၏။ အခြားသော ရဟန်းပြန်လာသောအခါ ထိုအခြင်းအရာကိုမြင်၍ အော်ဟစ်သော အသံကို ပြု၏။ ရဟန်းတို့ လာကြည့်၍ စစ်မေးသောအခါ နဂါးအဖြစ်ကို ဝန်ခံ၏။ ထိုအကြောင်းကို မြတ်စွာဘုရားရှင် သိတော်မူ၍ နဂါးများ သာသနာတော်၌ ကြီးပွားခြင်းမရှိသောကြောင့်တည်း။ (၆-မှတ်)

၃။ အကြီးဆုံး သိမ်၏ ပမာဏမှာ သုံးယူဇနာရှိသော သိမ်ဖြစ်ပါသည်။ (မြန်ပြန်၊နှာ-၁၄၉) (၂-မှတ်)

ဥပုသ်အမျိုးအစား ၂-မျိုး
(၁) တဆယ့်လေးရက် ဥပုသ်၊ (၂) တဆယ့်ငါးရက်ဥပုသ် (မြန်ပြန်၊နှာ-၁၅၅) (၂-မှတ်)

ရှုံးသောရဟန်း၏အင်္ဂါ

(၁) ဥပုသ်ကံကို သတိရတချက် မရတချက် လာတချက် မလာတချက်

(၂) သံဃာ့ကံကို သတိရတချက် မရတချက် လာတချက် မလာတချက် ရဟန်းမျိုး ဖြစ်ပါသည်။

(မြန်ပြန်၊နှာ-၁၆၉) (၆-မှတ်)

၄။ ဝါတွင်း ဂိလာနရဟန်းထံ သွားသော ရဟန်း၏ ရည်ရွယ်ချက်တို့မှာ သူနာအတွက် ဆွမ်းကို ရှာအံ့၊ သူနာပြုအတွက် ဆွမ်းကို ရှာအံ့၊ သူနာအတွက် ဆေးကို ရှာအံ့၊ မေးသော်လည်း မေးအံ့၊ လုပ်ကျွေးသော်လည်း လုပ်ကျွေးအံ့ဟူ၍ ဖြစ်ပါသည်။ (မြန်ပြန်၊နှာ-၁၉၉) (၄-မှတ်)

သာဝတ္ထိမြို့နေ သံဃာပြုထားသော အဓမ္မိက ကတိကဝတ်မှာ "ဝါတွင်း၌ ရှင်ရဟန်းမပြုထိုက်"ဟူ၍ ဖြစ်ပါသည်။ (၂-မှတ်)

**ဝိသာခါ ရဟန်းတို့အား ကဲ့ရဲ့သော စကား** "အဘယ်ကြောင့် အရှင်တို့သည် 'ဝါတွင်း၌ ရှင်ရဟန်းမပြုထိုက်'ဟု ဤသို့သဘောရှိသော ကတိကဝတ်ကို ပြုကုန်ဘိသနည်း၊ အဘယ်ကာလ၌ တရားကို မကျင့်အပ်သနည်း"ဟူ၍ ဖြစ်ပါသည်။ (မြန်ပြန်၊နှာ-၂၁၁) (၄-မှတ်)

၅။ **ပဝါရဏာ ပြုရခြင်း၏ အကျိုးကျေးဇူးမှာ** ရဟန်းတို့အချင်းချင်း ပြောဆိုဖို့ရာ လျော်သည်၏ အဖြစ်၊ အာပတ်မှ ထမြောက်စေခြင်း၊ ဝိနည်းကို ရှေ့ရှုခြင်း စသော အကျိုးကျေးဇူးများ ရရှိပါသည်။

(မြန်ပြန်၊နှာ-၂၂) (၄-မှတ်)

**ကျောင်းတိုက်အတွင်း၌ ဖိနပ်စီးရန် ခွင့်ပြုထားသူများမှာ** ခြေဖဝါးနာကျင်သောသူ၊ ခြေဖဝါးကွဲသောသူ၊ ဖဝါး၌ တံသင်းငုတ်ကဲ့သို့ ထွက်သောအသားရှိသူ၊ ညောင်စောင်းအင်းပျဉ်ပေါ် တက်မည့်သူတို့ဖြစ်ပါသည်။ (မြန်ပြန်၊နှာ-၂၇၅) (၆-မှတ်)

၆။ **မြွေဆိပ် ဖြေဆေး ၄-မျိုးမှာ**

(၁) ကျင်ကြီး၊ (၂) ကျင်ငယ်၊ (၃) ပြာ၊ (၄) မြေညက်တို့ ဖြစ်ပါသည်။ (မြန်ပြန်၊နှာ-၂၉၉) (၄-မှတ်)

**ရဟန်းများ မစားကောင်းသော အသားကြီး ၁၀-မျိုး-**

(၁) လူသား၊ (၂) ဆင်သား၊ (၃) မြင်းသား၊ (၄) ခွေးသား၊ (၅) မြွေသား၊ (၆) ခြင်္သေ့သား၊ (၇) ကျားသား၊ (၈) သစ်သား၊ (၉) ဝံသား၊ (၁၀) အောင်းသား။ (မြန်ပြန်၊နှာ-၃၁၃၊၃၁၄၊၃၁၅) (၆-မှတ်)

၇။ **သီလပြည့်စုံခြင်း အကျိုးတရား ၅-ပါး**

(၁) မမေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ်ဥစ္စာရရှိခြင်း၊

(၂) ကောင်းသော ကျော်စောသတင်းပျံ့နှံ့ခြင်း၊

(၃) မင်းပရိသတ်၊ ပုဏ္ဏားပရိသတ်၊ သူကြွယ်ပရိသတ်၊ ရဟန်းပရိသတ် အလယ်သို့ ချဉ်းကပ်ခဲ့သော် မကြောက်မရွံ့ မျက်နှာမညှိုးငယ်ပဲ ချဉ်းကပ်ရခြင်း၊

(၄) တွေဝေခြင်း မရှိပဲ သေရခြင်း၊

(၅) ခန္ဓာကိုယ် ပျက်စီး၍သေသည်မှ နောက်၌ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ရခြင်း။

(မြန်ပြန်၊နှာ-၃၂၄) (၅-မှတ်)

သီဟ စစ်သူကြီးဒုတိယသရဏဂုံတည်စေသော မြတ်စွာဘုရားစကားတော် "သီဟ စူးစမ်းဆင်ခြင်၍ ပြုလော့၊ သင်တို့ကဲ့သို့ ထင်ရှားကျော်စောသော သူတို့အား စူးစမ်းဆင်ခြင်၍ ပြုခြင်းသည် ကောင်း၏။" (၂-မှတ်)

တတိယသရဏဂုံတည်စေသော စကားတော် "သီဟ ရှည်စွာသော နေ့ညဥ့်ပတ်လုံး သင်၏ အိမ်သည် နိဂဏ္ဌတို့၏ ရေတွင်းသဖွယ်ဖြစ်၏၊ ထို့ကြောင့် ကပ်ရောက်လာသော နိဂဏ္ဌတို့အား ဆွမ်းလှူရမည်ကို အောက်မေ့လေလော့"။ (မြန်၊ပြန်၊နှာ-၃၃၆) (၃-မှတ်)

၈။ **စိဝရပလိဗောဓ၏ အဓိပ္ပာယ်**

ရဟန်းအား သင်္ကန်းမချုပ်ရသေးသည့်မူလည်း ဖြစ်၏၊ ချုပ်၍ မပြီးသေးမူလည်း ဖြစ်၏၊ သင်္ကန်း၌ အလိုအာသာလည်း မပြတ်စဲ၊ ဤသို့လျှင် သင်္ကန်းဟူသော စိဝရပလိဗောဓဖြစ်ပါသည်။

(မြန်ပြန်၊နှာ-၃၇၆) (၃-မှတ်)

**ဆရာဇီဝက၏ ပညာသင်နည်း-** များစွာလည်း သင်ယူ၏၊ လျင်မြန်စွာလည်း သင်ယူ၏၊ လျင်မြန်စွာလည်း သင်ယူ၏၊ ကောင်းစွာလည်း မှတ်သား၏၊ သင်တိုင်းသော ပညာသည်လည်း မပျောက်ပျက်။

(မြန်ပြန်၊နှာ၊၃၈၃) (၄-မှတ်)

**ဓားခွဲ/ဓားဖြတ် စပ်၍ ချုပ်ရခြင်း၏ အကျိုးကျေးဇူး** ဖြတ်အပ်ခြင်း၊ ဓားဖြင့် ခေါင်းပါးခြင်းရှိခြင်း၊ ရဟန်းတို့အား လျောက်ပတ်ခြင်း၊ ရန်သူသူခိုးတို့သည်လည်း အလိုမရှိခြင်းတို့ ဖြစ်ပါသည်။

(မြန်ပြန်၊နှာ၊၄၀၄) (၃-မှတ်)

၉။ **ဝိသာခါကျောင်းအမကြီး ရေသနုပ်လှူဒါန်းလိုခြင်းအကြောင်း**

အရှင်ဘုရား ဤသာသနာတော်၌ ရဟန်းမိန်းမတို့သည် အစိရဝတီမြစ်၌ ပြည့်တန်ဆာမတို့နှင့်အတူ အဝတ်မဆီး အချိုးနီး တစ်ခုတည်းသော ရေဆိပ်၌ ရေချိုးကုန်၏၊ ပြည့်တန်ဆာမတို့သည် ရဟန်းမိန်းမတို့ကို "အရှင်မတို့ ငယ်ကုန်သော သင်တို့သည် အဘယ့်ကြောင့် မြတ်သောအကျင့်ကို ကျင့်ကုန်သနည်း၊ ကာမဂုဏ်တို့ကို ခံစားသင့်သေးသည် မဟုတ်ကုန်လော၊ အိုမင်းသောအခါ၌ ကျင့်ကုန်လော့၊ ဤသို့ ကျင့်သည်ရှိသော် သင်တို့အား နှစ်ပါးသော အကျိုးတို့ကို ယူအပ်သည် ဖြစ်ကုန်လတ္တံ့"ဟု ပြက်ရယ်ဆိုပါ၏။ ထိုအခါ ရဟန်းမတို့သည် မျက်နှာမသာမယာ ဖြစ်ကုန်၏။ အရှင်ဘုရား မိန်းမအား အဝတ်မစည်း အချည်းနီးနေခြင်းသည် မစင်ကြယ်ပါ၊ စက်ဆုပ်ဖွယ် ဖြစ်၏၊ အရှင်ဘုရား အကျွန်ုပ်သည် ဤအကျိုးကို ကောင်းစွာမြင်သည်ဖြစ်၍ ဘိက္ခုနီသံဃာအား အသက်ထက်ဆုံး ရေသနုပ် လှူဒါန်းလိုပါ၏။

(မြန်ပြန်၊နှာ၊၄၁၁) (၆-မှတ်)

**ကောသမ္ဗီပြည် ဥပါသကာတို့၏ သာသနာပြုနည်း**

ကောသမ္ဗီပြည် ရဟန်းတို့ကို ရှိမခိုးကြကုန်၊ ခရီးဦးမကြိုဆိုကြကုန်၊ လက်အုပ်ချီမှု ရိုသေမှုကို မပြုကုန်၊ ပူဇော်သကာ မပြုကုန်၊ အလေးအမြတ်မပြုကုန်၊ မမြတ်နိုးကုန်၊ မဆည်းကပ်ကုန်၊ မပူဇော်ကုန်၊ ဆွမ်းခံကပ်ရောက်လာသော်လည်း ဆွမ်းမလောင်းကုန်။ (မြန်ပြန်၊နှာ၊၅၀၇) (၄-မှတ်)

၁၀။ (က) အနတ္တလက္ခဏာသုတ်

(ခ) ၁၅ (မြန်ပြန်၊နှာ၊၁၁၁)

(ဂ) သုပ္ပိယာ (မြန်ပြန်၊နှာ၊၃၁၁)

(ဃ) ၇ (မြန်ပြန်၊နှာ၊၃၈၃)

(င) ဒီဃီတိကောသလမင်း (မြန်ပြန်၊နှာ၊၄၉၆) (၂-မှတ်စီ)

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၁) ဝိနယပိဋက**

**မဟာဝဂ္ဂ ပါဠိတော် မြန်မာပြန် အဖြေမှန်**

၁၃၇၆-ခုနှစ်၊ နယုန်လဆန်း (၃) ရက်၊ (၃၀. ၅. ၂၀၁၄) စနေနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

၁။ ကာလာမအနွယ်ဖြစ်သော အာဠာရရသေ့နှင့် ရာမ၏ သားဖြစ်သော ဥဒကရသေ့တို့ဖြစ်သည်။
ဥပက အာဇီဝက 'တက္ကတွန်း'ကို ဂယာနှင့် ဗောဓိပင်အကြား၌ တွေ့ဆုံခဲ့သည်။
(မြန်၊နှာ-၁၁-၁၂။) (၅-မှတ်စီ)

၂။ အပြေအပြစ်မပြုသော မြေဖြစ်အုံ့၊ ရေဖျန်း၍ "ကျောင်းကို မြူမတက်စေလင့်" ဟု (နှလုံး ထား၍) တံမြက်လှည်းရမည်။
အေးသောအခါ ဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ဖွင့်ထားရမည်၊ ညဥ့်အခါ၌ ပိတ်ထားရမည်။ ပူအိုက်သော အခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ပိတ်ထား ရမည်၊ ညဥ့်အခါ၌ ဖွင့်ထားရမည်။
(မြန်၊နှာ-၈၂-၈၃။) (၅-မှတ်စီ)

၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံး နေတော်မူသောအခါ (သာသနာတော်မှ) တစ်ပါးသော အယူရှိသည့် တိတ္ထိပရိဗိုဇ်တို့သည် တစ်ဆယ့်လေးရက်နေ့၌ လည်းကောင်း၊ တစ်ဆယ့်ငါးရက်နေ့၌ လည်းကောင်း၊ လဆန်းရှစ်ရက် လဆုတ်ရှစ် ရက်နေ့တို့ ၌လည်းကောင်း စည်းဝေး၍ တရားပြောဟော ကုန်၏။
ထိုပရိဗိုဇ်တို့ အထံသို့ လူတို့သည် တရားနာခြင်းငှါ ချဉ်းကပ်ကုန်၏၊ ထိုလူတို့သည် (သာသနာတော်မှ) တစ်ပါးသော အယူရှိသည့် တိတ္ထိပရိဗိုဇ်တို့၌ ချစ်ခင်ကုန်၏၊ ကြည်ညိုကုန်၏၊ (သာသနာတော်မှ) တစ်ပါးသော အယူရှိသည့် တိတ္ထိပရိဗိုဇ်တို့သည် အသင်းအပင်းကို ရကုန်၏။ ထို့ကြောင့် စည်းဝေးရန် လျှောက်ထားခြင်း ဖြစ်ပါသည်။
(မြန်၊နှာ-၁၄၃။) (၅-မှတ်)
ရဟန်းတို့ ကျောင်းတစ်ကျောင်းဝယ် ဥပုသ်နေ့၌ တစ်ပါးသော ရဟန်းသည် နေ၏၊ ရဟန်းတို့ ထိုရဟန်းသည် ရဟန်းတို့ ဝင်ထွက်ရာဖြစ်သော စည်းဝေးရာဇရပ် မဏ္ဍပ် သစ်ပင်ရင်းတို့ကို တံမြက်လှည်း၍သောက်ရေ သုံးဆောင်ရေ တည်ထားပြီးလျှင် နေရာကို ခင်းလျက် ဆီမီးညှိထွန်းကာ ထိုင်နေရမည်၊ အကယ်၍ တစ်ပါးသော ရဟန်းတို့သည် လာကုန်ငြားအံ့၊ ထိုရဟန်းတို့ နှင့်အတူ ဥပုသ်ပြုရမည်။ အကယ်၍ မလာကုန်ငြားအံ့၊ "ယနေ့ ငါ့အတွက် ဥပုသ်နေ့တည်း" ဟု အဓိဋ္ဌာန်ပြုရမည်။
(မြန်၊နှာ-၁၇၁။) (၅-မှတ်)

၄။ ဝါကပ်ခြင်းတို့သည် ပုရိမဝါကပ်ခြင်း၊ ပစ္ဆိမဝါကပ်ခြင်းဟူ၍ နှစ်မျိုးရှိကုန်၏။ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့၌ ပုရိမဝါကပ်ရမည်၊ ဝါဆိုလပြည့်နေ့မှ တစ်လလွန်ပြီးသော လပြည့်ကျော်တစ်ရက် 'ဝါခေါင်လပြည့်ကျော်တစ်ရက်' နေ့၌ ပစ္ဆိမဝါကပ် ရမည်။
(မြန်၊နှာ-၁၉၃။) (၅-မှတ်)
"သူနာအတွက် ထမင်းကိုဖြစ်စေ၊ သူနာပြု အတွက် ထမင်းကိုဖြစ်စေ၊ သူနာအတွက် ဆေးကိုဖြစ်စေ ရှာမှီးအံ့၊ မေးသော်လည်း မေးအံ့၊ လုပ်ကျွေးသော်လည်း လုပ်ကျွေးအံ့" ဟု (နှလုံးပိုက်၍) သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာရမည်။
(မြန်၊နှာ-၂၀၅။) (၅-မှတ်)

၅။ "ရဟန်းတို့ ကျွန်းမာကြ၏လော၊ မျှတကြ၏လော၊ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံဘဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြရ ကုန်၏လော၊ ဆွမ်းအတွက်လည်း မပင်ပန်းဘဲ ရှိကြကုန်၏လော" ဟု မေးတော်မူလေ့ရှိပါသည်။
(မြန်၊နှာ-၂၂၀။) (၅-မှတ်)

ရဟန်းတို့ ထိုလေးပါးသော ပဝါရဏာကံတို့တွင် တရားနှင့် လျော်၍ ညီညွတ်သော ပဝါရဏာကံကိုသာ ပြုရမည်၊ ငါသည်လည်း ဤသို့ သဘောရှိသော ပဝါရဏာကံကိုသာ ခွင့်ပြု၏။ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ တရားနှင့်လျော်၍ ညီညွတ်သော ပဝါရဏာကံကိုသာ ပြုကုန်အံ့ဟု သင်တို့သည် ကျင့်ကြံအားထုတ်ကြကုန်ရာသတည်းဟု (မိန့်တော်မူ၏)။
(မြန်၊နှာ-၂၂၃။)(၅-မှတ်)

၆။ မြတ်စွာဘုရားတို့၏ ကိုယ်တိုင် ထုတ်ဖော်သိမြင်ပြီးသော 'သာမုက္ကံသိက' တရားဒေသနာတော်ဟူသည် ဆင်းရဲခြင်း 'ဒုက္ခသစ္စာ' ကိုလည်းကောင်း ဆင်းရဲဖြစ်ကြောင်း 'သမုဒယသစ္စာ' ကိုလည်းကောင်း ဆင်းရဲချုပ်ရာ 'နိရောဓသစ္စာ' ကိုလည်းကောင်း ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းလမ်းစဉ် 'မဂ္ဂသစ္စာ' ကို လည်းကောင်း ပြတော်မူသော ဒေသနာတော်ဖြစ်သည်။
(မြန်၊နှာ-၂၆၅။)(၅-မှတ်)

ကျင်ကြီးသွားရာ ခြေနင်း၊ ကျင်ငယ်သွားရာ ခြေနင်း၊ သန့်သက်ရေသုံးရာ ခြေနင်း ဟူ၍ အမြဲတည်လျက် မပြောင်းမရွှေ့ ကောင်းသော သုံးမျိုးသော ခြေနင်းတို့ကို ခွင့်ပြုတော်မူပါသည်။ (မြန်၊နှာ-၂၇၉။)(၅-မှတ်)

၇။ (က) ခြေနယ်ဆီ။
(မြန်၊နှာ-၂၉၈။)(၂-မှတ်)

(ခ) ကျင်ကြီး၊ ကျင်ငယ်၊ ပြာ၊ မြေညက်၊ (ဂ) ထမင်းခြောက်ပြာရည်၊ (ဃ) နွားကျင်ငယ်ရေဖြင့် စိမ်သော ဖန်ခါးသီးရေ။
(မြန်၊နှာ-၂၉၉။) (၂-မှတ်စီ)

(င) အသားစိမ်း သွေးစိမ်း။
(မြန်၊နှာ-၂၉၄။) (၂-မှတ်)

၈။ အလျား အနံ အတိုင်းအရှည်ကို ယူကာမျှဖြင့် ကထိန်ခင်းသည် မမည်။ ဖွပ်လျှော်ကာမျှဖြင့် ကထိန်ခင်းသည် မမည်။
(မြန်၊နှာ-၃၅၆။) (၅-မှတ်)

ရဟန်းအား သင်္ကန်းမချုပ်ရသေးသည်မူလည်း ဖြစ်၏၊ ချုပ်၍ မပြီးသေးသည်မူလည်း ဖြစ်၏၊ သင်္ကန်းရလိုခြင်းသည်မူလည်း မပြတ်စဲ။ ဤသို့လျှင် သင်္ကန်းဟူသော စီဝရပလိဗောဓ ဖြစ်၏။ (မြန်၊နှာ-၃၇၆။) (၅-မှတ်)

၉။ ထိုအခါ အဘယမင်းသား မွေးမြူသော ဇီဝကသည် များစွာလည်းသင်၏၊ လျင်စွာလည်း တတ်၏၊ ကောင်းစွာလည်း စုံစမ်း၏၊ ထိုဇီဝကအား သင်တိုင်းသောပညာသည်လည်း မမေ့ပျောက်။
(မြန်၊နှာ-၃၈၃။) (၅-မှတ်)

အချင်းဇီဝက သို့ဖြစ်လျှင် တူးရွင်းကို ယူ၍ တက္ကသိုလ်၏ အနီးပတ်ဝန်းကျင် တစ်ယူဇနာသော အရပ်ကို လှည့်လည်လျက် ဆေးဖက်မဝင်သော သစ်ပင်တစ်စုံတစ်ခုကို ကြည့်ရှုလေလော့၊ ထိုဆေးဖက် မဝင်သော သစ်ပင်ကို ဆောင်ခဲ့လော့ဟု ပြောဆို၍ စူးစမ်းလေ့လာ ခိုင်းခဲ့ပါသည်။ (မြန်၊နှာ-၃၈၃။) (၅-မှတ်)

၁၀။ (က) "ယသအမျိုးကောင်းသားအား တစ်စုံတစ်ယောက်သောသူမျှ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ခြင်း၏ အန္တရာယ်ကို မပြုပါစေလင့်"။
(မြန်၊နှာ-၂၃။) (၂-မှတ်)

(ခ) ရှင်သာရိပုတ္တရာ၏ ဂိုဏ်းလက်ဦးဆရာသည် သိဥ္စည်းဆရာ ဖြစ်၍၊ တရားလက်ဦး ဆရာသည် အဿဇိမထေရ်ဖြစ်သည်။
(မြန်၊နှာ-၅၇-၅၈။) (၂-မှတ်)

(ဂ) ပဋိသန္ဓေရက်နှင့်တကွ အသက်နှစ်ဆယ်ပြည့်သော ပုဂ္ဂိုလ်ကို ပဥ္စင်းခံပေးခြင်းငှါ ခွင့်ပြု၏ဟု ဘုရားရှင်မိန့်တော်မူခဲ့သည်။
(မြန်၊နှာ-၁၃၀။) (၂-မှတ်)

(ဃ) မဟာကစ္စည်းသည် အဝန္တိတိုင်း ကုရုဃရမြို့ ပပတကတောင်၌ သီတင်းသုံးနေတော်မူ၏။
(မြန်၊နှာ-၂၈၃။) (၂-မှတ်)

(င) ပါဋလိရွာ၌ မြို့တည်ဆောက်ရန် စီမံကြီးကြပ်သော ပုဏ္ဏားကြီးများသည် သုနိဓနှင့် ဝဿကာရ အမတ်ကြီးတို့ ဖြစ်သည်။
(မြန်၊နှာ-၃၂၅။) (၂-မှတ်)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့

ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

# အုပ်စု (၁) ဝိနယပိဋက

# မဟာဝါ ပါဠိတော် မြန်မာပြန် အဖြေ

၁၃၇၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၈) ရက်၊ (၂၄. ၆. ၂၀၁၅) ဗုဒ္ဓဟူးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁-မေး။ ဗြဟ္မဏအဖြစ်ကို ပြုတတ်သော တရားတို့နှင့် စပ်၍ မြတ်စွာဘုရား ကျူးရင့်တော်မူသော ဥဒါန်းစကားကို ဖော်ပြ၍၊ ရဟန်းခံပေးထိုက်သော အင်္ဂါငါးပါးအပေါင်း(၁၆)ခုတို့တွင် ၆-ခုမြောက်ငါးပါးအစုကိုသာ ဖော်ပြခဲ့ပါ။

ဖြေ။ ဥဒါန်းစကား

အကြင်ရဟန္တာသည် မကောင်းမှုကို အပပြုပြီးဖြစ်၏၊ တဟုံဟုံ မာန်မူခြင်းကို မပြုတတ်၊ ကိလေသာတည်းဟူသော ဖန်ရည်မရှိ၊ ဘာဝနာစီးဖြန်းအားထုတ်သော စိတ်ရှိ၏၊ မဂ်ဉာဏ်တို့၏ အဆုံးအရဟတ္တဖိုလ်သို့ ရောက်၏၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးဖြစ်၏၊ ထိုရဟန္တာသည် ဟုတ်မှန်သောသဘောဖြင့် ငါဗြဟ္မဏဟူသော စကားကို ပြောဆိုထိုက်၏။ ယင်းရဟန္တာအား လောကအားလုံးဝယ် တစုံတခုသော အာရုံ၌တပ်မက်မှုစသည် ဖြစ်ပွားခြင်းတို့ မရှိကုန်၊ (၅-မှတ်)(မြန်မာပြန်-စာ ၄။)

၆-ခုမြောက်ငါးပါးအစု

၁။ ယုံကြည်ခြင်းသဒ္ဓါတရားရှိ၏၊ ၂။ အရှက်ရှိ၏။
၃။ ဒုစရိုက်ကိုကြောက်လန့်၏။ ၄။ လုံ့လဝီရိယရှိ၏။
၅။ သတိတည်မြဲ၏။ (၅-မှတ်၊ မြန်မာပြန် စာ-၉၃။)

၂-မေး။ အာဝါသိကတို့က (၁၅)ရက်ဥပုသ်၊ အာဂန္တုကတို့က(၁၄)ဥပုသ် ပြုကြမည်ဟု ငြင်းခုန်နေကြသော် အဘယ်ဥပုသ်ပြုရမည်ကို ဝိနိစ္ဆယချပြ၍၊ ဥပုသ်နေ့မဟုတ်ပါဘဲ ဥပုသ်ပြုကောင်း၊ မပြုကောင်း ယုတ္တိကျကျ ဆုံးဖြတ်ပြလျက်၊ ဝါတွင်းကာလ ဂိလာနရဟန်းတော့်ထံ ကြွလိုပါက ထားရှိရမည့် စိတ်သဘောထားကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ဝိနိစ္ဆယချပုံ

အာဝါသိကတို့ကများလျှင်-တူမျှနေလျှင် အာဂန္တုကတို့သည် အာဝါသိကတို့သို့ လိုက်ရမည်၊ အာဂန္တုကတို့များလျှင် အာဝါသိကတို့သည် အာဂန္တုကတို့သို့လိုက်ရမည်။(၃-မှတ်)(မြန်မာပြန်-စာ-၁၇၅။) ရဟန်းတို့ သံဃာ၏ညီညွတ်ခြင်းကို ကြဉ်ထား၍ ဥပုသ်နေ့မဟုတ်သောနေ့၌ ဥပုသ်မပြုအပ် ဟု မြတ်စွာဘုရားမိန့်ကြားထားသောကြောင့် ဥပုသ်နေ့မဟုတ်သော်လည်း သံဃာ၏ညီညွတ်ခြင်း သံဃသာမဂ္ဂီနေ့ဖြစ်လျှင် ဥပုသ်ပြုကောင်းပါသည်။(၃-မှတ်)

ထားရှိရမည့် စိတ်သဘောထား

သူနာအတွက်ဆွမ်းကိုဖြစ်စေ၊ သူနာပြုအတွက် ဆွမ်းကိုဖြစ်စေ သူနာအတွက်ဆေးကိုဖြစ်စေ ရှာမှီးအံ့၊ မေးသော်လည်း မေးအံ့၊ လုပ်ကျွေးသော်လည်း လုပ်ကျွေးအံ့၊ (၄-မှတ်၊ မြန်မာပြန်-စာ-၁၉၉။)

၃-မေး။ စကားမပြောဘဲ ဝစီပိတ်ကျင့်ကုန်သော ရဟန်းတို့အား မြတ်စွာဘုရားရှင် ကဲ့ရဲ့တော်မူပုံကို ဖော်ပြ၍ ပဝါရဏာနေ့ဝယ် ပါစိတ်အာပတ်သင့်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ပါစိတ် ပါရာဇိက အငြင်းအခုံ ဖြစ်နေခဲ့သော် လုပ်ထုံးလုပ်နည်းကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ကဲ့ရဲ့တော်မူပုံကို

မချမ်းသာပဲနေကုန်လျက်၊ နွားတို့၏နေခြင်းကဲ့သို့နေကုန်လျက် ဆိတ်တို့၏ နေခြင်းကဲ့သို့ နေကုန်လျက် ရန်သူတို့၏ နေခြင်းကဲ့သို့ နေကုန်လျက် ချမ်းသာစွာနေကုန်ဘိ၏-ဟု ဝန်ခံတုံဘိ၏၊ အဘယ့်ကြောင့် တိတ္ထိတို့ဆောက်တည်အပ်သော သူအကဲ့သို့ စကားမဆိုသောအကျင့်ကို ဆောက်တည်ကုန်ဘိသနည်း။ (၅-မှတ်-မြန်မာပြန်-စာ ၂၂၁။)

လုပ်ထုံးလုပ်နည်း

ရဟန်းသည် ပဝါရဏာနေ့၌ ပါစိတ်အာပတ်သို့ သင့်ရောက်၏၊ အချို့သည် ပါစိတ်အာပတ်ဟု အယူရှိကုန်၏။ အချို့သည် ပါရာဇိကအာပတ်ဟု အယူရှိကုန်၏။ ထိုရဟန်းကို သင့်တင့်လျောက်ပတ်သော အရပ်သို့ ဖဲစေ၍ တရားအားလျော်စွာ ကုစားစေလျက်၊ သံဃာသို့ ချဉ်းကပ်ပြီးလျှင် ငါ့သျှင်တို့ ထိုရဟန်းသည် သင့်ရောက်သောအာပတ်ကို တရားအားလျော်စွာ ကုစားပြီးပါပြီ၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသောက်သည် ဖြစ်ငြားအံ့ သံဃာသည် ပဝါရဏာပြုရာ၏၊(၅-မှတ်၊ မြန်မာပြန်-စာ ၂၅၅)

၄-မေး။ ကျောက်တောင်သည် လေကြောင့် မတုန်လှုပ်သကဲ့သို့ အဘယ်ရဟန်းအားလည်း အဘယ်အခြေနေဆိုးများနှင့် ကြုံသော်လည်း မတုန်လှုပ်ပါသနည်း ဖြေဆို၍၊ တိရစ္ဆာနကထာတို့တွင် ရှေ့ငါးပါးကိုသာ ရေတွက်ပြခဲ့ပါ။

ဖြေ။ ကျောက်တောင်သည် လေကြောင့်မတုန်လှုပ်သကဲ့သို့ ကိလေသာတို့မှ ကောင်းစွာလွတ်ပြီးသောစိတ်ရှိသော ရဟန်းအား အားရှိကုန်သော စက္ခုဝိညာဉ် ၊သောတ၊ ဃာန၊ ဇိဝှာ၊ကာယ၊စိတ်ဖြင့်သိအပ်ကုန်သော အဆင်း အသံ အနံ့ အရသာ အတွေ့အထိဓမ္မာရုံတို့သည် အကယ်၍စိတ်အား ထင်ခြင်းသို့ရောက်ကုန်အံ့၊ ထိုရဟန်း၏စိတ်ကို သိမ်းကျုံး၍ မယူနိုင်ကုန် ၊ထိုရဟန်း၏စိတ်သည် ကိလေသာတို့နှင့် မရောသည်သာလျှင်ဖြစ်၏၊ တည်ကြည်၏၊တုန်လှုပ်ခြင်းမရှိ၊(၅-မှတ်၊ မြန်မာပြန် စာ ၂၇၁။)

တိရစ္ဆာနကထာတို့တွင် ရှေ့ငါးပါး - မင်းနှင့်စပ်သောစကား၊ ခိုးသူနှင့်စပ်သောစကား၊ အမတ်ကြီးနှင့်စပ်သောစကား၊ စစ်သည်နှင့်စပ်သောစကား၊ ကြောက်ဖွယ်နှင့်စပ်သောစကား၊ (၅-မှတ်၊ မြန်မာပြန် စာ ၂၇၆)

၅-မေး။ ဣန္ဒြေမရင့်မီ ရဟန်းဝတ်လိုသော သောဏအမျိုးကောင်းသားအား အရှင်မဟာကစ္စည်းတားမြစ်ပုံကို ဖော်ပြ၍ မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်သော ဆီကြည်ဆေးအမျိုးအစားများကိုလည်း ရေးသားဖော်ပြခဲ့ပါ။

ဖြေ။ သောဏအမျိုးကောင်းသားအား အရှင်မဟာကစ္စည်းတားမြစ်ပုံ

သောဏ အသက်ထက်ဆုံး တစ်ယောက်တည်းသာအိပ်ရသော တစ်ထပ်တည်းသာစားရသော မြတ်သောအကျင့်ကို ကျင့်ခြင်းဟု ခဲယဉ်း၏၊ သင်သည် လူ့ဘောင်၌သာလျှင်လူဖြစ်လျက် အခါအားလျော်စွာ တစ်ယောက်တည်းသာအိပ်ရသော တစ်ထပ်တည်းသာစားရသော ဘုရား၏အဆုံးအမဟုဆိုအပ်သော မြတ်သောအကျင့်ကိုကျင့်လော့။ (၅-မှတ်၊ မြန်မာပြန်စာ ၂၇၄)
ဆီကြည်ဆေးအမျိုးအစားများ - ဝံဆီ၊ ငါးဆီ၊ လင်းပိုင်ဆီ၊ ဝက်ဆီ၊ မြည်းဆီ။ (၅-မှတ် မြန်မာပြန် စာ ၂၉၂။)

၆-မေး။ ကျဉ်းမြောင်းသော အရပ်၌ ခွဲစိတ်ကုသမှု အဘယ့်ကြောင့် မပြုသင့်သည်၊ ပြုလျှင် အဘယ်အပြစ်ဖြစ်သည်တို့ကို ပြဆို၍၊ သီလပြည့်စုံခြင်း၏ အကျိုးငါးပါးကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ကျဉ်းမြောင်းသောအရပ်၌ အရေသည်သိမ်မွေ့၏၊ အမာသည် အသားနုတက်ခဲ၏၊ ဓားခွဲရန်ခဲယဉ်း၏ထို့ကြောင့် ဓားခွဲမှုမပြုသင့်၊ ပြုလျှင်ထုလ္လစ္စည်းအာပတ်အပြစ်ဖြစ်ပါသည်။(၅-မှတ် မြန်မာပြန် စာ ၃၁၀။)၊

သီလပြည့်စုံခြင်း အကျိုးငါးပါး
မမေ့လျော့ခြင်းကြောင့် များစွာသောစည်းစိမ်ဥစ္စာအစုကိုရ၏။
ကောင်းသောကျော်စောသတင်းသည် ပျံ့နှံ့၍ ထွက်၏။
မင်း ပုဏ္ဏား သူကြွယ် ရဟန်းပရိသတ်အလယ်သို့ ချဉ်းကပ်ခဲ့သော် မကြောက်မရွံ့ မျက်နှာမညှိုးငယ်ပဲ ချဉ်းကပ်ရ၏။
တွေဝေခြင်းမရှိပဲ သေရ၏။
ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်၌ ဖြစ်ရ၏။
(၅-မှတ်၊ မြန်မာပြန် စာ၃၂၄)

၇-မေး။ မြတ်စွာဘုရားကို ဥစ္ဆေဒဝါဒသမားဟု ဆိုနိုင်ပုံကို ရေးသား ဖော်ပြ၍၊ မရဏာဝဏ္ဏံ ဝါ သံဝဏ္ဏေယျ-အရ ရဟန်းတော်များ သူတစ်ပါးအသက်ကို သတ်ခိုင်းလျှင် အပြစ်ဖြစ်သကဲ့သို့ သူတစ်ပါးကို မေထုန်မှီဝဲခိုင်းလျှင် အပြစ် ဖြစ်/မဖြစ် ယုတ္တိရှိရှိ ဆုံးဖြတ်ပြခဲ့ပါ။

ဖြေ။ မြတ်စွာဘုရားကို ဥစ္ဆေဒဝါဒသမားဟုဆိုနိုင်ပုံ - ရာဂ ဒေါသ မောဟတို့ကို ဖြတ်အပ်သည်ကို ဟော၏။ များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ဖြတ်အပ်သည်ကို ဟော၏။ ဤသို့သော ပရိယာယ်ဖြင့် မြတ်စွာဘုရားကို ဥစ္ဆေဒဝါဒသမား ဟုဆိုနိုင်ပါသည်။(၄-မှတ် မြန်မာပြန် စာ ၃၃၅)၊

သူတစ်ပါးကို မေထုန်မှီဝဲခိုင်းလျှင် အပြစ်ဖြစ်ပါသည်။(၂-မှတ်) ရဟန်းတို့ ရဟန်းသည် မအပ်သည်၌ မဆောက်တည်စေအပ်၊ ဆောက်တည်စေသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ဟူသော ဒေသနာယုတ္တိကို ထောက်၍ အပြစ်ဖြစ်ပါသည်။ (၄-မှတ်၊ မြန်မာပြန် စာ ၃၅၂)

၈-မေး။ ကထိန်အာနိသင်ငါးပါးကို ဖော်ပြ၍၊ ပဉ္စောတမင်း ရရှိသော သိဝိတိုင်းဝတ်စုံတန်ဖိုးကို ပြဆိုလျက်၊ ဝိသာခါကျောင်းအမ တောင်းသော ဆုရှစ်ပါးတွင် နောက်သုံးပါးကိုသာ ဖော်ပြခဲ့ပါ။

ဖြေ။ ကထိန်အာနိသင်ငါးပါး

ထင်ရှားရှိသောရဟန်းကို မပန်ကြားပဲ ဒါယကာအိမ်သို့ သွားနိုင်ခြင်း၊
တိစီဝရိတ် အဓိဋ္ဌာန်တင်သောသင်္ကန်းကို မယူပဲသွားနိုင်ခြင်း၊
ဂဏဘောဇဉ်ကို စားနိုင်ခြင်း ၊
အလိုရှိတိုင်း အဓိဋ္ဌာန် ဝိကပ္ပနာမပြုသောသင်္ကန်းကို ဆောင်နိုင်ခြင်း၊
ထိုကထိန်ခင်းသောကျောင်း၌ သင်္ကန်းဖြစ်ပေါ်လာတိုင်း ကထိန်းခင်းသောရဟန်းတို့အားဖြစ်ရခြင်း၊
(၅-မှတ်၊ မြန်မာပြန် စာ ၃၅၆)

သိဝိတိုင်းဝတ်စုံတန်ဘိုး
များစွာသောပုဆိုးတို့ထက် များစွာသောပုဆိုးအစုံတို့ထက် များစွာသောပုဆိုးအစုံအရာတို့ထက် များစွာသော ပုဆိုးအထောင်တို့ထက် များစွာသောပုဆိုးအသိန်းတို့ထက် အဖိုးထိုက်တန်၏။(၂-မှတ် မြန်မာပြန် စာ၃၉၃။)
ဝိသာခါကျောင်းအမတောင်းသော ဆုရှစ်ပါးတွင် နောက်သုံးပါး ---

သူနာရဟန်းတို့အား ဆေးလှူခွင့်
အမြဲယာဂု လှူဒါန်းခွင့်
ဘိက္ခုနီသံဃာအား ရေသနပ်ကိုလှူဒါန်းခွင့်၊ (၃-မှတ်၊ မြန်မာပြန် စာ-၄၀၉။)

၉-မေး။ သားတော်မောင် ဒီဃာဝုအား နောက်ဆုံး မှာကြားခဲ့သော ဖခင်မေတ္တာ ဆုံးမစာ အကျဉ်းကို အဓိပ္ပါယ်ဖွင့်ဆိုချက်တို့နှင့် တွဲဖက် ဖော်ပြခဲ့ပါ။

ဖြေ။ သားတော်မောင် ဒီဃာဝုအား နောက်ဆုံးမှာကြားခဲ့သော ဖခင်မေတ္တာဆုံးမစာ အကျဉ်းကို အဓိပ္ပါယ်ဖွင့်ဆိုချက်တို့နှင့် တွဲဖက်ဖြေဆိုပုံ

အရှည်ကိုလည်း မကြည့်နှင့်= ရှည်မြင့်စွာရန်ကို မပြုလင့်၊
အတိုကိုလည်း မကြည့်နှင့်= အဆွေခင်ပွန်းတို့နှင့် လျင်မြန်စွာမိတ်မပျက်စေလင့်၊

ရန်တုံ့မူသဖြင့် ရန်တို့သည်မငြိမ်းကုန်၊ ရန်တုံ့မမူမှသာ ရန်တို့သည်ငြိမ်းကုန်၏။ အရှင်မင်းကြီးသည် အကျွန်ုပ်မိဘတို့ကို သတ်သည်ဟု အကယ်၍ အကျွန်ုပ်က မင်းကြီးကို သတ်ငြားအံ့၊ မင်းကြီး၏အကျိုးကို အလိုရှိသော သူတို့သည် အကျွန်ုပ်ကို သတ်ကုန်ရာ၏၊ အကျွန်ုပ်အကျိုးကို အလိုရှိကုန်သော သူတို့သည် ထိုသူတို့ကို သတ်ကုန်ရာ၏၊ ဤသို့သတ်သည်ရှိသော် ရန်တို့သည် ရန်တုံ့မူသဖြင့် မငြိမ်းနိုင်ရာ၊ ယခုအခါ၌မူ အရှင်မင်းကြီးသည် အကျွန်ုပ်အား အသက်ကိုပေး၏၊ အကျွန်ုပ်ကလည်း အရှင်မင်းကြီးအား အသက်ကိုပေး၏။ ဤသို့ပေးသဖြင့် ထိုရန်သည် ရန်တုံ့မမူသဖြင့် ငြိမ်း၏၊ အရှင်မင်းကြီး ဤအဓိပ္ပါယ်ကိုရည်၍ --ဆိုပါသည်။
(၁၀-မှတ် မြန်မာပြန် စာ ၅၀၁)

၁၀-မေး။ အောက်ပါတို့ကို ကွက်လပ် ဖြည့်စွက်ပါ။

(က) နွားကျင်ငယ်ပုပ်ဖြင့် ထုံအပ်သော ဆေးကို အမှီပြု၍ ဖြစ်သော ရဟန်းအဖြစ်၌ သင်ပဌင်းသစ်သည် --------------------- မိန့်တော်မူ၏။

(ခ) ရဟန္တာသတ်သူ နေသော ပရိသတ်၌ ပါတိမောက်မပြအပ် --------------------- ဥဘတောဗျည်းနေသော ပရိသတ်၌ ပါတိမောက်မပြအပ်။

ဖြေ။ (က)နွားကျင်ငယ်ပုပ်ဖြင့် ထုံအပ်သောဆေးကိုအမှီပြု၍ဖြစ်သော ရဟန်းအဖြစ်၌ သင်ပဌင်းသစ်သည်- (သိက္ခာပုဒ်တော်ကိုယ်၌တည်သမျှကာလပတ်လုံး အားထုတ်ရမည်၊ ရှေးကံထူး၍ အလွန်အကျူးလာဘ်ပေါ်များပါမူ ထောပတ် ဆီဥ ဆီ ပျား တင်လဲတို့ကိုလည်း သုံးဆောင်အပ်သေး၏ ဟု)-- မိန့်တော်မူ၏။ (၅-မှတ်-မြန်မာပြန် စာ ၇၆)

(ခ) ရဟန္တာသတ်သူနေသော ပရိသတ်၌ ပါတိမောက်မပြအပ်-(ရဟန်းမိန်းမကို ဖျက်ဆီးသူနေသောပရိသတ်၌ ပါတိမောက်မပြအပ်၊ သံဃာသင်းခွဲသူနေသော ပရိသတ်၌ ပါတိမောက်မပြအပ် ၊ဘုရားကို သွေးစိမ်းတည်အောင်ပြုသူနေသောပရိသတ်၌ ပါတိမောက်မပြအပ် ၊)ဥဘတောဗျည်းနေသော ပရိသတ်၌ ပါတိမောက်မပြအပ်။ (၅-မှတ်-မြန်မာပြန် စာ ၁၉၁)

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

## အုပ်စု (၁) ဝိနယပိဋက

## မဟာဝါ ပါဠိတော် မြန်မာပြန် မေးခွန်း နှင့် အဖြေ

၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၃) ရက်၊ (၂၃. ၆. ၂၀၁၆) ကြာသပတေးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

**မေး၁။** မြတ်ဗုဒ္ဓ၏ ကိုယ်တော်တိုင် ဘုရားဟု ဝန်ခံချိန်ကို ဖော်ပြ၍၊ ဥရုဝေလကဿပ ချွတ်တော်မူခန်းလာ (၃၅၀၀)သော တန်ခိုးပြာဋိဟာတို့ကို အကျဉ်းမျှ ရေတွက်ပြခဲ့ပါ။

**ဖြေ။** ၁။ ဘုရားဟုဝန်ခံချိန်- ရဟန်းတို့ ဤအရိယာတို့၏ အမှန်တရားလေးပါးတို့၌ ဤသို့သုံးပါးသော အပြန် တစ်ဆယ့်နှစ်ပါးသော အခြင်းအရာရှိသော မှန်ကန်သော ဉာဏ်အမြင်သည် စင်ကြယ်လာသောအခါ၌သာလျှင် ငါဘုရားသည် နတ် မာရ်နတ် ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော ဤလူ့လောက၌ "အတုမရှိသော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိသော အရဟတ္တမဂ်ဉာဏ်ကို သိပြီ"ဟူ၍ဝန်ခံခဲ့၏။ (၅-မှတ်) (မြန်-၁၈)

ရေတွက်ပုံ- မြတ်စွာဘုရား၏ အဓိဋ္ဌာန်တော်ကြောင့် ငါးရာသော ထင်းတို့သည် မကွဲကုန်(၅၀၀)

ကွဲကုန်၏ (၅၀၀)

မီးမတောက်ကုန် (၅၀၀)

မီးတောက်ကုန်၏ (၅၀၀)

မီးမငြိမ်းနိုင်ကုန် (၅၀၀)

မီးငြိမ်းကုန်၏ (၅၀၀) (၅-မှတ်) (မြန်-၄၆)

**မေး၂။** မှီငြမ်းပြုရာလေးပါးတို့ဘွင် ပထမဆုံးမှီရာကို ဖော်ပြ၍၊ "ထင်စွာ ပြုခြင်းကြောင့် ထိုရဟန်းအား ချမ်းသာ၏" ဟူရာ၌ အဘယ်ချမ်းသာကို ဆိုလိုပါသနည်း ဖြေဆိုပါ။

**ဖြေ။** ပထမဆုံးမှီရာ- သလုံးမြင်းခေါင်းဖြင့် ရင်းနှီး၍ ရသော ဆွမ်းကို အမှီပြု၍ဖြစ်သော ရဟန်းအဖြစ်၌ သင်ပဉ္စင်းသစ်သည် သိက္ခာပုဒ်တော် ကိုယ်၌တည်သမျှကာလပတ်လုံး အားထုက်ရမည်။ (ရှေးကံထူး၍) အလွန်အကျူး လာဘ်ပေါ်များပါမူ သံဃာအားလှူသော ဆွမ်း၊ ရည်ညွှန်း၍လှူသောဆွမ်း၊ ပင့်ဖိတ်သောဆွမ်း၊ စာရေးတံချ၍ လှူသောဆွမ်း၊ လဆန်း လဆုတ်ပက္ခ၌လှူသော ဆွမ်း၊ ဥပုသ်နေ့၌ လှူသောဆွမ်း၊ အထွက်တရက်နေ့၌ လှူသောဆွမ်းများကိုလည်း (သုံးဆောင်အပ်သေး၏)။ (၅-မှတ်) (မြန်-၁၃၄)

ပထမစျာန်ကို ရခြင်းငှါ ချမ်းသာ၏၊ ဒုတိယစျာန်ကို ရခြင်းငှါ ချမ်းသာ၏၊ တတိယစျာန်ကို ရခြင်းငှါ ချမ်းသာ၏၊ စတုတ္ထစျာန်ကို ရခြင်းငှါ ချမ်းသာ၏၊ စျာန်၊ မဂ်၊ သမာဓိ၊ သမာပတ်၊ နေက္ခမ္မ၊ နိဿရဏ၊ ပဝိဝေကဟု ဆိုအပ်သော ကုသိုလ်တရားတို့ကို ရခြင်းငှါ ချမ်းသာ၏၊ (၅-မှတ်) (မြန်-၁၃၇)

**မေး၃။** ဝါတွင်းကာလ လူနာမေးသွားရာ၌ ထားရှိရမည့် နှလုံးသွင်းကို ဖော်ပြ၍၊ ပဝါရဏာနေ့၌ ထုလ္လစ္စဥ်းအာပတ် သင့်နေသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ထုလ္လစ္စဥ်း ပါစိတ် အယူအဆ ကွဲခဲ့သော် ပြုရမည့် အစီအစဉ်ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ထားရှိရမည့်နှလုံးသွင်း- သူနာအတွက်ဆွမ်းကိုဖြစ်စေ၊ သူနာပြုအတွက်ဆွမ်းကိုဖြစ်စေ၊ သူနာအတွက်ဆေးကိုဖြစ်စေ ရှာမှီးအံ့၊ မေးသော်လည်း မေးအံ့၊ လုပ်ကျွေးသော်လည်း လုပ်ကျွေးအံ့”ဟု ဖြစ်ပါသည်။ (၅-မှတ်) (မြန်-၁၉၉)

ပြုရမည့်အစီအစဉ်- ရဟန်းတို့ ထုလ္လစ္စည်းအာပတ်ဟု အယူရှိသော ရဟန်းတို့သည် ထိုရဟန်းကို သင့်တင့်လျောက်ပတ်သော အရပ်သို့ ဖဲစေ၍ တရားအားလျော်စွာ ကုစားစေလျက် သံဃာသို့ ချဉ်းကပ်ပြီးလျှင် “ငါ့ရှင်တို့ ထိုရဟန်းသည် သင့်ရောက်သောအာပတ်ကို တရားအားလျော်စွာ ကုစားပြီးပါပြီ၊ အကယ်၍ သံဃာအား လျောက်ပတ်သောအခါရှိသော် ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ပဝါရဏာပြုရာ၏”ဟု ဆိုရာ၏။

(၅-မှတ်) (မြန်-၂၅၅)

မေး၄။ အဘယ်သဲကြိုးများ တပ်ထားသော ဖိနပ်များကို စီးပါက အာပတ်သင့်နိုင်ပါသနည်း ဖြေဆို၍၊ ဂိလာန ရဟန်းတော်တို့အတွက် ခွင့်ပြုတော်မူအပ်သော အသီး ဆေးများကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ဖိနပ်များ- သဲကြိုးညိုတပ်ဖိနပ်၊ သဲကြိုးဝါတပ်ဖိနပ်၊ သဲကြိုးနီတပ်ဖိနပ်၊ သဲကြိုးမောင်းရောင်စုံတပ်ဖိနပ်၊ သဲကြိုးမည်းတပ်ဖိနပ်၊ သဲကြိုးကင်းခြေများ ကျောက်ကုန်းအဆင်း ‘လိမ္မော်ရောင်’ တပ်ဖိနပ်၊ သဲကြိုးဖက်ရွက်ဟော့ အဆင်းတပ်ဖိနပ်တို့ကို စီးပါက အာပတ်သင့်။ (၅-မှတ်) (မြန်-၂၇၂၃)

အသီးဆေးများ- အိပ်မွှေသီး၊ ပိတ်ချင်းသီး၊ ရှေပ်သီး၊ ဖန်ခါးသီး၊ သစ်ဆိမ့်သီး၊ သျှစ်သျှားသီး၊ သမင်စာသီး။

(၅-မှတ်) (မြန်-၂၉၃)

မေး၅။ ယာဂုသောက်ခြင်း၏ ကောင်းကျိုးငါးမျိုးကို ဖော်ပြ၍၊ ပါဝေယျရဟန်းတော်တို့ .ဆောက်တည်ကြသော ဓုတင်များကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ၅။ ယာဂုသောက်ရကျိုး ငါးမျိုး- ဆာလောင်ခြင်းကို ပယ်ဖျောက်၏၊ မွတ်သိပ်ခြင်းကို ပယ်ဖျောက်၏၊ လေကို စုန်ဆင်းစေတတ်၏၊ ဆီးအိမ်ကို စင်ကြယ်စေတတ်၏၊ အစာသစ် အကြွင်းကို ကြေကျက်စေတတ်၏

(၅-မှတ်) (မြန်-၃၁၆)

ဓုတင်များ- အာရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံသုကူဓုတင်၊ တိစီဝရိတ်ဓုတင်။ (၅-မှတ်) (မြန်-၃၅၅)

မေး၆။ သင်္ကန်းနှင့် ပတ်သတ်၍ အဖြတ်သုံးမျိုးနှင့် ဂုဏ်ရည်ကို ဖော်ပြပြီး၊ လာဘ်လာဘပေါများသော ရဟန်းတော် ပျံလွန်တော်မူရာအခါ၌ ကျန်ရှိသော လာဘ်လာဘကို ပါဠိတော်လာအတိုင်း ခွဲဝေပြခဲ့ပါ။

ဖြေ။ အဖြတ်၃-မျိုး ဖြတ်သောဒုကုဋ်၊ ဖြတ်သော ကိုယ်ဝတ်၊ ဖြတ်သော သင်းပိုင်။ (၃-မှတ်)

ဂုဏ်ရည်- ကြမ်းတမ်း၍ ရဟန်းတို့အားလျောက်ပတ်၏၊ ရန်သူတို့သည်လည်း အလိုမရှိ။ (၂-မှတ်) (မြန်-၄၀၄)

ခွဲဝေပုံ- ရဟန်းသေသည်ရှိသော် ရဟန်း၏ သပိတ်သင်္ကန်းတို့ကို သံဃာစိုးပိုင်၏၊ ထိုသို့ပင် စိုးပိုင်သော်လည်း သူနာပြုရဟန်းတို့သည် ကျေးဇူးများကုန်၏၊ သံဃာသည် သင်္ကန်းသုံးထည်နှင့် သပိတ်ကို သူနာပြုရဟန်းတို့အား ပေးရန်ခွင့်ပြု၏၊ ထိုပရိက္ခရာတို့တွင် လဟုဘဏ် လဟုပရိက္ခရာကို မျက်မှောက်ဖြစ်သော သံဃာသည် ဝေခြမ်းရန် ခွင့်ပြု၏၊ ဂရုဘဏ် ဂရုပရိက္ခရာသည် ရောက်လာပြီး မရောက်လာသေးသော စတုဒိသာသံဃာ၏ ဥစ္စာဖြစ်၍ စွန့်လည်း မစွန့်အပ်၊ ဝေလည်း မဝေခြမ်းအပ်၏ဟု ဖြစ်ပါသည်။ (၅-မှတ်) (မြန်-၄၂၄)

မေး၇။ သင်္ကန်းဖြစ်ပေါ်ကြောင်း မာတိကာတို့တွင် ရှေ့ငါးပါးကိုသာ ဖော်ပြ၍၊ လေးပါးအစုရှိသော သံဃာသည် မပြုနိုင်သောကံတို့ကို ဖော်ပြခဲ့ပါ။

ဖြေ။ ရှေ့ဆုံးငါးပါး- အပိုင်းအခြားအားဖြင့် လှူ၏၊ ကတိကဝတ်ဖြင့် လှူ၏၊ ဆွမ်းဝတ်တည်သဖြင့် လှူ၏၊ သံဃာအား လှူ၏၊ ဥဘတောသံဃာအား လှူ၏။ (၅-မှတ်)(မြန်-၄၃၀)

မပြုနိုင်သောကံ- ဥပသမ္ပဒကံ၊ ပဝါရဏာကံ၊ အဗ္ဘာနကံ၊ (၅-မှတ်) (မြန်-၄၄၅)

မေး၈။ ရှေးသူဟောင်းတို့၏ သဘောတရားကို ဖော်ပြ၍၊ အရှင်အနုရုဒ္ဓါတို့ အချင်းချင်း ညီညွတ်စွာ နေပုံကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ရှေးဟောင်းသူတို့၏ သဘောတရား- ဤလောက၌ ရန်တို့မည်သည် ရန်တုံ့မူသဖြင့် တရံတဆစ်မျှ မငြိမ်းနိုင်ကုန်၊ ရန်တုံ့မမူမှသာလျှင် ငြိမ်းကုန်၏။ (၄-မှတ်) (မြန်-၅၀၃)

ညီညွတ်စွာနေကြပုံ- ဤတော၌နေသော အကျွန်ုပ်အား "ငါသည် အရတော်စွတကား၊ ငါသည် ကောင်းစွ ရအပ်ပေသည်တကား၊ ငါသည် ဤသို့သဘောရှိသော သီတင်းသုံးဖော်တို့နှင့်အတူ နေရပေသည်တကား"ဟု အကြံဖြစ်ပါ၏။

အကျွန်ုပ်အား ဤအရှင်တို့၌ မေတ္တာကာယကံကို မျက်မှောက်၌၄င်း, မျက်ကွယ်၌၄င်း ဆောက်တည်ပါ၏၊ မေတ္တာဝစီကံ။ မေတ္တာမနောကံကို မျက်မှောက်၌၄င်း, မျက်ကွယ်၌၄င်း ဆောက်တည်ပါ၏၊ အကျွန်ုပ်အား"ငါသည် မိမိ၏စိတ်ကို ထား၍ ဤအရှင်တို့၏ စိတ်အလိုဖြင့်သာလျှင် ကျင့်ရမူ ကောင်းရာ၏"အကြံဖြစ်ပါသည်၊

အကျွန်ုပ်သည် မိမိ၏စိတ်ကိုထား၍ ဤအရှင်တို့၏ စိတ်ဖြင့်သာလျှင် ကျင့်ပါ၏၊ အကျွန်ုပ်တို့အား ကိုယ်တို့သာ ကွဲပြားပါကုန်၏ စိတ်သည်ကား တခုတည်းကဲ့သို့ ဖြစ်ပါသည်။ (၆-မှတ်) (မြန်-၅၀၄၊၅)

မေး၉။ မြတ်စွာဘုရား ဘုရားဖြစ်တော်မူရာအခါမှ စ၍ ဓမ္မစကြာဒေသနာတော် ဟောတော်မူသည်အထိ သီတင်းသုံး တော်မူခဲ့သော ဌာနများကို ပါဠိတော်လာအတိုင်း အစဉ်တကျ ထုတ်ဖော်ပြခဲ့ပါ။

ဖြေ။ သီတင်းသုံးတော်မူသော ဌာနများ-

ဥရုဝေလတော နေရဥ္စရာမြစ်ကမ်းနားဖြစ်သော ဗောဓိပင်ရင်း၊ အဇပါလ(ဆိတ်ကျောင်း)ညောင်ပင်ရင်း၊ ကျည်းပင်ရင်း၊ လင်းလွန်းပင်ရင်း၊ ဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန်တော။

(၂-မှတ်စီ ၅-မှတ်) (မြန်-၁မှ၁၃)

မေး၁၀။ အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။

(က) အရှင်အဿဇိသည် သာရိပုတြာပရိဗိုဇ်အား---------------ဟု တရားအမြွက်ကို ဟော၏။

(ခ) အရှင်ဘုရား အကျွန်ုပ်သည် သုပ္ပိယာ ဥပါသိကာမကို အသားတောင်းမိပါ၏ဟု လျှောက်၏။----------------- ---------ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။

ဖြေ။ (က) အရှင်အဿဇိသည် သာရိပုတြာပရိဗိုဇ်အား--"အကြင် ဒုက္ခတရားတို့သည် အကြောင်းသမုဒယကြောင့် ဖြစ်ကုန်၏၊ ထိုဒုက္ခအကြောင်းဖြစ်သော သမုဒယတရားကို၄င်း၊ ထိုအကျိုးဒုက္ခ အကြောင်းသမုဒယတရားတို့၏ ချုပ်ငြိမ်းရာ နိရောဓ ချုပ်ငြိမ်းကြောင်း မဂ္ဂတရားကို၄င်း မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ရဟန်းမြတ်သည် ဤသို့ အယူရှိပါ၏"တရားအမြွက်ကို ဟော၏။ (၅-မှတ်)(မြန်-၅၆)

(ခ) အရှင်ဘုရား အကျွန်ုပ်သည် သုပ္ပိယာဥပါသိကာမကို အသားတောင်းမိပါ၏ဟု လျှောက်၏။ ရဟန်း ဆောင်ယူခဲ့သလောဟု မေးတော်မူရာ ဆောင်ယူခဲ့ပါသည် မြတ်စွာဘုရားဟု လျှောက်၏။ ရဟန်း သင်သည် သုံးဆောင်သလောဟု မေးတော်မူပြန်ရာ အကျွန်ုသည် သုံးဆောင်မိပါသည် မြတ်စွာဘုရားဟု လျှောက်၏။ ရဟန်း သင်သည် စုံစမ်းမေးမြန်းပါ၏လောဟု မေးမြန်းတော်မူပြန်ရာ အကျွန်ုပ်သည် မစုံစမ်း မမေးမြန်းမိပါ မြတ်စွာဘုရားဟု လျှောက်၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ (၅-မှတ်) (မြန်-၃၁၃)

ရန်ကုန်မြို့

ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၁) ဝိနယပိဋက

## မဟာဝါ ပါဠိတော် မြန်မာပြန် မေးခွန်းနှင့်အဖြေ

၁၃၇၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၅) ရက်၊ (၁၄. ၆. ၂၀၁၇) ဗုဒ္ဓဟူးနေ့

ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

••••••••••••••••••••••••••••••••••••••••••

၁-မေး။ ငါ့ရှင်သည် အစားအသောက်ကြောင့် ရဟန်းပြုခဲ့သလော-ဟူသော စကား ဖြစ်ပေါ်လာခဲ့ပုံကို ရှင်းပြ၍၊ ဆယ်ဝါမပြည့်ခြင်းအင်္ဂါ ပါဝင်သော နိဿယည်းမပေးထိုက်သောရဟန်း၏ အင်္ဂါ (၅) ရပ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ထိုအခါ ရာဇဂြိုဟ်ပြည်၌ ကောင်းမွန်သော ဆွမ်းအစဉ်သည် တည်ရှိလေ၏။ ပုဏ္ဏား တစ်ယောက်အား "ဤသာကီဝင်မင်းသား ဘုရားအနွယ်ဖြစ်သော ရဟန်းတို့သည် ကောင်းသော အလေ့အကျင့်ရှိကုန်၏။ ကောင်းသောခဲဘွယ်ဘောဇဉ်တို့ကို စားကုန်လျက် လေလုံခြုံရာ အိပ်ရာတိုက်ခန်းတို့၌ အိပ်ရကုန်၏။ ငါသည် ရဟန်းတို့ထံ ရဟန်းပြုရပါမူကား ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုနောက် ထိုပုဏ္ဏားသည် ရဟန်းတို့ထံ ချဉ်းကပ်၍ ရဟန်းအဖြစ်ကို တောင်း၏။ ရဟန်းတို့သည် ထိုပုဏ္ဏားကို ရှင်, ရဟန်းပြုပေးကြကုန်၏။ ထိုပုဏ္ဏား ရဟန်းခံပြီးနောက် ဆွမ်းအစဉ်သည် ကုန်လေ၏။ ရဟန်းတို့သည် "ငါ့ရှင် လာလော့၊ ဆွမ်းခံလှည့်လည်ကုန်အံ့"ဟု ဆိုကုန်၏။

ရဟန်းသစ်သည် "ငါ့ရှင်တို့ ငါသည် ဆွမ်းခံရန်အတွက် ရဟန်းပြုသည်မဟုတ်၊ ငါ့အား ပေးလျှင် စားမည်၊ မပေးလျှင် လူထွက်မည်"ဟု ဆိုလေ၏။

"ငါ့ရှင် အဘယ်သို့ ဆိုသနည်း၊ သင်သည် ဝမ်းရေးကြောင့် ရဟန်းပြုသလော"ဟု ဆိုကုန်၏။

(မြန်-၇၅) (၅-မှတ်)

နိဿယည်းမပေးထိုက်သော ရဟန်းအင်္ဂါ

၁။ အာပတ်ကို မသိခြင်း၊

၂။ အနာပတ်ကို မသိခြင်း၊

၃။ လဟုကအာပတ်ကို မသိခြင်း၊

၄။ ဂရုကအာပတ်ကို မသိခြင်း၊

၅။ ယုတ်လော့သော ဆယ်ဝါရှိခြင်း။ (၅-မှတ်)

••••••••••••••••••••••••••••••••••••••••

၂-မေး။ ဥပေါသထက္ခန္ဓကလာ ဘုရားရှင် စောဒနာဝတ္ထုမြို့၌ သီတင်းသုံးတော်မူစဉ် ခွင့်ပြုတော်မူအပ်သော အရာတို့ကို အကြောင်းဝတ္ထုနှင့်တကွ ဖြေဆိုခဲ့ပါ။

ဖြေ။ ဘုရားရှင် စောဒနာဝတ္ထုမြို့၌ နေတော်မူစဉ် ကျောင်းတစ်ကျောင်း၌ ရဟန်းများစွာ ရှိ၏၊ ထိုကျောင်း၌ မထေရ်သည် ဗာလ အဗျတ္တဖြစ်နေ၏၊ ထိုမထေရ်သည် ဥပုသ်ကိုလည်းကောင်း ဥပုသ်ကံကို လည်းကောင်း ပါတိမောက်ကိုလည်းကောင်း ပါတိမောက္ခုဒ္ဒေသကိုလည်းကောင်း မသိ။ ထိုအခါ အခြားရဟန်းတို့သည် "မြတ်စွာဘုရားသည် ထေရ်စဉ်ဝါအလိုက် ပါတိမောက်ကို ခွင့်ပြုတော်မူ၏၊ ငါတို့ မထေရ်သည် ဗာလ အဗျတ္တဖြစ်နေ၏၊ ဥပုသ်, ဥပုသ်ကံ, ပါတိမောက်, ပါတိမောက္ခုဒ္ဒေသကို မသိ၊ ငါတို့ အဘယ်သို့လျှင် ပြုရမည်နည်း"ဟု ပြောဆို၍ မြတ်စွာဘုရားအား လျှောက်ထားသောအခါ ဘုရားရှင်သည် "ထိုကျောင်းနေသော ဗျတ္တ ပဋိဗလရဟန်း၏ တာဝန်တည်း"ဟု ခွင့်ပြုတော်မူ၏။

(၅-မှတ်)

တရံရောအခါ ကျောင်းတစ်ကျောင်းဝယ် ဥပုသ်နေ့၌ ဝိနည်းသိက္ခာကို မသိ, ဝိနည်းသိက္ခာပုဒ်၌ မလိမ္မာကုန်သော များစွာသော ရဟန်းတို့သည် နေကုန်၏၊ ထိုရဟန်းတို့သည် ဥပုသ်ကိုလည်းကောင်း၊ ဥပုသ်ကံကိုလည်းကောင်း၊ ပါတိမောက်ကိုလည်းကောင်း၊ ပါတိမောက်ပြခြင်းကိုလည်းကောင်း၊ မသိကုန်။ ထိုရဟန်းတို့သည် မထေရ်ကြီးကို "အရှင်ဘုရား မထေရ်မြတ်သည် ပါတိမောက်ကို ပြတော်မူပါ"ဟု တိုက်တွန်းကုန်၏။ မထေရ်ကြီးသည် "ငါ့ရှင်တို့ ငါသည် မရွတ်ဆိုနိုင်ပါ"ဟု ပြောဆို၏။ ဒုတိယမထေရ်ကို "အရှင်ဘုရား မထေရ်မြတ်သည် ပါတိမောက်ကို ပြတော်မူပါ"ဟု တိုက်တွန်းကုန်၏။ ထိုမထေရ်သည်လည်း "ငါ့ရှင်တို့ ငါသည် မရွတ်ဆိုနိုင်ပါ"ဟု ပြောဆို၏။ ဤနည်းဖြင့်သာလျှင် "အရှင်သည် ပါတိမောက်ကို ပြတော်မူပါလော"ဟု အငယ်ဆုံးသံဃာ တိုင်အောင် တိုက်တွန်းကြကုန်၏။ ထိုအငယ်ဆုံးသံဃာကလည်း "အရှင်ဘုရားတို့ တပည့်တော်သည် မရွတ်ဆိုနိုင်ပါ"ဟု ပြောဆို၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် "ရဟန်းတို့ ထိုရဟန်းတို့သည် ရဟန်းတစ်ပါးကို "ငါ့ရှင်သွားလော့၊ အကျဉ်းအားဖြင့် ဖြစ်စေ၊ အကျယ်အားဖြင့် ဖြစ်စေ၊ ပါတိမောက်ကို သင်ယူ၍ လာခဲ့လော့"ဟု အနီးအနားကျောင်းသို့ နေ့ချင်းပြန် စေလွှတ်ရမည်။

ထိုအခါ ရဟန်းတို့က "အဘယ်ရဟန်းသည် စေလွှတ်နိုင်ပါသနည်း"ဟု လျှောက်ထားလတ်သော "မထေရ်ဖြစ်သော ရဟန်းကြီးသည် သီတင်းငယ်ဖြစ်သော ရဟန်းကို စေလွှတ်ရမည်"ဟု ခွင့်ပြုတော်မူ၏။

မထေရ်ကြီးက စေလွှတ်သော်လည်း ရဟန်းငယ်တို့သည် မသွားကုန်၊ ထိုအကြောင်းကို မြတ်စွာဘုရားကို လျှောက်ထားလတ်သော် "ရဟန်းတို့ မနာမဖျားသော ရဟန်းသည် သွားရမည်၊ မသွားလျှင် ထိုရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ"ဟု မိန့်တော်မူ၏။ (မြန်-၁၆၀-၁) (၅-မှတ်)

၃-မေး။ ဥပါသကာ၏ ပင့်ဖိတ်ခြင်းကြောင့် ဝါတွင်း၌ ခရီးသွားနိုင်သော ရဟန်း၏ အင်္ဂါတို့တွင် နောက်ဆုံး (၅) ချက်ကို ဖော်ပြ၍၊ သီတင်းသုံးဖော်၏ ပင့်ဖိတ်ခြင်းကြောင့် ဝါတွင်း၌ ခရီးသွားနိုင်သောရဟန်း၏ အင်္ဂါတို့တွင် နောက်ဆုံးအင်္ဂါကိုလည်း အကျယ်အားဖြင့် ဖြေဆိုပြခဲ့ပါ။

ဖြေ။ ၁။ ဥပါသကာသည် သားအားသော်လည်း ထိမ်းမြားလိုခြင်း။

၂။ သမီးအားသော်လည်း ထိမ်းမြားလိုခြင်း။

၃။ ကိုယ်တိုင်ဖျားနာသည်မူလည်း ဖြစ်ခြင်း။

၄။ ထင်ရှားသောသုတ္တန်ကိုသော်လည်း ရွတ်အံနေခြင်း။

၅။ အလှူပေးခြင်း တရားနာခြင်း ရဟန်းတို့ကိုဖူးမြင်ခြင်းငှာ အလိုရှိခြင်း။ (မြန်-၁၉၇) (၅-မှတ်)

သာမဏေမသည် သိက္ခာဆောက်တည်လို၏၊ ထိုသာမဏေမသည် အကယ်၍ ရဟန်းတို့ထံသို့ "အကျွန်ုပ်သည် သိက္ခာဆောက်တည်လိုပါ၏၊ အရှင်တို့သည် ကြွလာတော်မူပါကုန်၊ အရှင်တို့၏ ကြွလာခြင်းကို အလိုရှိပါ၏"ဟု တမန်စေလွှတ်ငြားအံ့။

"ရဟန်းတို့ မပင့်ဖိတ်သော်လည်း ၇-ရက်အတွင်း ပြုဖွယ်ကိစ္စဖြင့် သွားရမည်၊ ပင့်ဖိတ်ပါမူ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း၊ သိက္ခာဆောက်တည်ခြင်းကို လုံ့လပြုအံ့-ဟု နှလုံးသွင်း၍ သွားရမည်။ ၇-ရက်အတွင်း ပြန်လာရမည်"။ (မြန်-၂၀၄) (၅-မှတ်)

၄-မေး။ ပဝါရဏာမပြုမီ အာပတ်သင့်ခြင်း ပဝါရဏာပြုခိုက် အာပတ်သင့်မှန်းသိခြင်းတို့၌ လုပ်ဆောင်ချက် ကွဲပြားပုံကို ပြည့်စုံစွာဖော်ပြခဲ့ပါ။

ဖြေ။ ပဝါရဏာမပြုခင် အာပတ်သင့်သော ထိုရဟန်းသည် ရဟန်းတစ်ပါးထံ ချဉ်းကပ်၍ လက်ကန်တော့တင် လက်အုပ်ချီ ဆောင့်ကြောင့်ထိုင်ကာ "ငါ့ရှင် ငါသည် ဤမည်သော အာပတ်သို့ ရောက်၏၊ ထိုအာပတ်ကို ပြောကြားပါ၏"ဟု ပြောဆိုရမည်။ ဒေသနာခံသောရဟန်းသည် "အာပတ်ကို ရှုလော့"ဟု ပြောဆိုရမည်။ "ကောင်းပါပြီ ရှုပါအံ့"ဟု ပြောဆိုရမည်။ "နောင်အခါ စောင့်စည်းပါလော့"ဟု ဒေသနာခံရဟန်းက ပြောရမည်။ (၅-မှတ်)

**ပဝါရဏာပြုခိုက်** - ထိုရဟန်းသည် အနီးဖြစ်သောရဟန်းကို "ငါ့ရှင် ငါသည် ဤမည်သော အာပတ်သို့ ရောက်၏၊ ဤနေရာမှထသော် ထိုအာပတ်ကို ကုစားပါအံ့"ဟု ပြောဆို၍ ပဝါရဏာပြု ရမည်၊ အာပတ်ဟူသော အကြောင်းကြောင့် ပဝါရဏာ၏ အန္တရာယ်ကို မပြုအပ်သည်သာ"။

(မြန်-၂၃၀) (၅-မှတ်)

၅-မေး။ ဖိနပ်ပြုလုပ်ရာဝယ် မအပ်သောအရေတို့တွင် နောက်ဆုံး ၅-မျိုးကို ဖော်ပြ၍၊ မြတ်စွာဘုရား ဗာရာဏသီမြို့သို့ ရောက်ခိုက် တားမြစ်အပ်သော ဖိနပ်, ခြေနင်း အမျိုးအစားတို့ကို အကြောင်းဝတ္ထုနှင့် တကွ ဖြေဆိုခဲ့ပါ။

ဖြေ။ နောက်ဆုံးအရေ ၅-မျိုး ၁။ သစ်နက်ရေ၊ ၂။ ဖျံရေ၊ ၃။ ကြောင်ရေ၊ ၄။ ရှဉ့်ရေ၊ ၅။ ရှုးပျံရေ။

(၅-မှတ်)

အခါတစ်ပါး ဆဗ္ဗဂ္ဂီရဟန်းတို့သည် မြတ်စွာဘုရားသည် သစ်သားဖိနပ်ခြေနင်းကို ပယ်တော်မူ၏-ဟု ထန်းပင်ငယ်, ဝါးပင်ငယ်တို့ကို ဖြတ်စေ၍ ထန်းရွက်ခြေနင်း, ဝါးရွက်ခြေနင်းတို့ကို ဆောင်ကုန်၏။ ထန်းပင်ငယ်, ဝါးပင်ငယ်တို့သည် ညှိုးနွမ်းသေကြကုန်၏။ လူတို့သည် "ရဟန်းတို့သည် ထန်းပင်ငယ်, ဝါးပင်ငယ်တို့ကို ဖြတ်၍ ထန်းရွက်ခြေနင်း, ဝါးရွက်ခြေနင်းတို့ကို အဘယ်ကြောင့် ဆောင်ကြလေသနည်း၊ ဖြတ်ထားသောအပင်ငယ်တို့သည် သေကြကုန်၏၊ ရဟန်းတို့သည် သူတပါးအသက်ကို သတ်ဖြတ်ကြကုန်၏"ဟု ကဲ့ရဲ့ကြကုန်၏။ ထိုအကြောင်းကို မြတ်စွာဘုရားရှင်အား လျှောက်သော် "ရဟန်းတို့သည် အဘယ်ကြောင့် ထန်းပင်ငယ်, ဝါးပင်ငယ်တို့ကို ဖြတ်၍ထန်းရွက်ခြေနင်း, ဝါးရွက်ခြေနင်းတို့ကို ဆောင်ကြကုန်သနည်း၊ လူတို့သည် သစ်ပင်၌ အသက်ရှိ၏ဟု မှတ်ထင်ကြကုန်၏၊ ရဟန်းတို့ ထန်းရွက်ခြေနင်း, ဝါးရွက်ခြေနင်းတို့ကို မဆောင်ရ ဆောင်လျှင် ဒုက္ကဋ်အာပတ်သင့်စေ"ဟု ပညတ်တော်မူ၏။ (မြန်-၂၇၇-၈) (၅-မှတ်)

---

၆-မေး။ ယာဂုအကျိုး ၁၀-မျိုးတွင် နောက် ၅-မျိုးကိုဖော်ပြ၍၊ သမ္မုတိကပ္ပိယခွင့်ပြုရခြင်းအကြောင်းကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ၁။ သောက်အပ်သောယာဂုသည် ဆာလောင်ခြင်းကို ပယ်ဖျောက်နိုင်ခြင်း၊
၂။ မွတ်သိပ်ခြင်းကို ပယ်ဖျောက်နိုင်ခြင်း၊
၃။ လေကို စုန်ဆင်းစေတတ်ခြင်း၊
၄။ ဆီးအိမ်ကို စင်ကြယ်စေတတ်ခြင်း၊
၅။ အစာသစ်ကို ကြေညက်စေတတ်ခြင်း။ (မြန်-၃၁၅) (၅-မှတ်)

ခွင့်ပြုရခြင်းအကြောင်း

ထိုအခါ အရှင်ယသောဇသည် ဖျားနာနေ၏၊ ထိုမထေရ်၏အလို့ငှာ ဆေးတို့ကို ဆောင်ခဲ့ကုန်၏၊ ထိုဆေးတို့ကို ရဟန်းတို့သည် အပ၌ သိုမှီးထားကုန်၏၊ ကြောင်, ကြွက်, ဖွတ်, မြွေပါတို့သည်လည်း ခဲစားကုန်၏၊ သူခိုးတို့သည်လည်း ခိုးကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကုန်၏။ "ရဟန်းတို့ သမုတ်အပ်ပြီးသော ကပ္ပိယဘူမိကို သုံးဆောင်ခြင်းငှာ ခွင့်ပြုတော်မူ၏"။

(မြန်-၃၃၆) (၅-မှတ်)

၇-မေး။ ကေဏိယရသေ့ကို အကြောင်းပြု၍ မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်သော အပ်စပ်သောအဖျော်ရည် ၄-မျိုးကို ဖော်ပြ၍၊ ကျောင်းဟူသော အပလိဗောဓဖြစ်ပုံကိုလည်း ဖြေဆိုခဲ့ပါ။

ဖြေ။ **အဖျော် ၄-မျိုး**

၁။ စပါးသီးအရည်ကြည် အလုံးစုံသော အသီးဖျော်ရည်၊

၂။ ဟင်းရွက်အရည်ကြည် အလုံးစုံသော အရွက်ဖျော်ရည်၊

၃။ သစ်မည်စည်ပွင့်အရည်ကြည် အလုံးစုံသော အပွင့်ဖျော်ရည်၊

၄။ ကြံရည်။ (မြန်-၃၄၄) (၆-မှတ်)

**ကျောင်းအပလိဗောဓအစီပွာယ်**

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ထိုကျောင်းမှ စွန့်သဖြင့် ထွေးအန်သဖြင့် လွှတ်သဖြင့် မငဲ့သဖြင့် မပြန်တော့ပြီ-ဟု နှလုံးသွင်း၍ ဖဲသွားအံ့၊ ဤသို့လျှင် ကျောင်းဟူသော အာဝါသ-အပလိဗောဓ ဖြစ်ပါသည်။ (မြန်-၃၇၃) (၄-မှတ်)

၈-မေး။ ဝိသာခါတောင်းဆု ၈-မျိုးတို့တွင် ၅-ခုမြောက်တောင်းဆုအား အဘယ်အကျိုးကိုမြင်၍ တောင်းသည်ကို ဖော်ပြပြီး၊ မိုးရေခံသင်္ကန်းထားနိုင်ခြင်းအကြောင်း ၅-ပါးကိုလည်း ဖြေဆိုခဲ့ပါ။

ဖြေ။ အရှင်ဘုရား ဂိလာနုပဋ္ဌာကရဟန်းသည် မိမိအတွက် ဆွမ်းကိုရှာရသည်ရှိသော် ဂိလာနရဟန်း၏ ဆွမ်းကို နေမြင့်မှ ဆောင်ရလတ့်၊ ဆွမ်းပြတ်ခြင်း ဖြစ်လတ့်၊ ဂိလာနုပဋ္ဌာကရဟန်းသည် တပည့်တော်၏ ဂိလာနုပဋ္ဌာကဆွမ်းကို ဘုဉ်းပေးရသဖြင့် ဂိလာနရဟန်း၏ဆွမ်းကို စောစောဆောင်နိုင်လတ့်၊ ဆွမ်းပြတ်ခြင်း မဖြစ်လတ့်၊ ဤအကျိုးကို မြင်၍တောင်းရပါသည်။ (မြန်-၄၀၇) (၅-မှတ်)

**အကြောင်း ၅-ပါး**

၁။ မကျန်းမာခြင်း၊

၂။ သိမ်အပြင်သို့ သွားလိုခြင်း၊

၃။ မြစ်တစ်ဘက်သို့ သွားလိုခြင်း၊

၄။ မိုးရေခံသင်္ကန်းမချုပ်ရသေးခြင်း အပြားအားဖြင့် မပြုရသေးခြင်း၊

၅။ လုံခြုံသော တံခါးရွက်ရှိသော ကျောင်းရှိခြင်း။ (မြန်-၄၁၃) (၅-မှတ်)

•••••••••••••••••••••••••••••••••••••••

၉-မေး။ စမွေယျကွန္တကလာ ကြောင့်ကြသမှု အမြဲပြုနေသောရဟန်း၏ အမည်, နေရပ်လိပ်စာနှင့် ကြောင့်ကြသမှုပြုပုံ ကိုလည်း ဖြေဆို၍၊ ဆဗ္ဗဂ္ဂီတို့ ပြုသောကံတို့တွင် အစ ၄-ပါးကိုသာ ထုတ်ပြခဲ့ပါ။

ဖြေ။ အမည် - အရှင်ကဿပဂေါတ္တ (၁-မှတ်)

နေရပ် - ကာသိတိုင်းဇနပုဒ် ဝါသဘရွာ (၂-မှတ်)

ကြောင့်ကြပြုပုံ - သီလကိုချစ်သော မလာသေးသောရဟန်းတို့သည် အဘယ်သို့လျှင် လာရောက်ပါကုန်အံ့နည်း၊ သီလကိုချစ်သော လာရောက်ပြီးသော ရဟန်းတို့သည် ချမ်းသာစွာ နေရပါကုန်အံ့နည်း၊ အဘယ်သို့လျှင် ဤကျောင်းသည်လည်း ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ပါအံ့နည်း။

(မြန်-၄၃၀) (၃-မှတ်)

အစကံ ၄-ပါး။

၁။ မတရားသဖြင့် ဝဂ်ဖြစ်သောကံ၊

၂။ မတရားသဖြင့် ညီညွတ်သောကံ၊

၃။ တရားသဖြင့် ဝဂ်ဖြစ်သောကံ၊

၄။ တရားအတုယောင်ဖြင့် ဝဂ်ဖြစ်သောကံ။ (မြန်-၄၃၅) (၄-မှတ်)

•••••••••••••••••••••••••••••••••••••••

၁၀-မေး။ အောက်ဖော်ပြပါ ကွက်လပ်များကို ဖြည့်စွက်ခဲ့ပါ။

(က) ထိုရဟန်းဖြစ်ရာခဏ၌ပင်လျှင် .................. မှီရာလေးပါးတို့ကို ပြောကြားထိုက်၏။

(ခ) ထိုအခါ၌ အရှင် .................. သည် ဗာလကလောဏကရွာ၌ နေ၏။

ဖြေ။ (က) အရိပ်ကို တိုင်းတာရမည်၊ ဥတုကို ပြောကြားရမည်၊ နေ့အချိန်ခါကို ပြောကြားရမည်၊ အရိပ်ဥတုနေ့တို့ကို ပေါင်း၍ ပြောကြားရမည်။ (မြန်-၁၃၃) (၈-မှတ်)

(ခ) အရှင်ဘဂုထေရ်။ (မြန်-၄၉၇) (၂-မှတ်)

# ၁၃၈၀ /2018 ခုနှစ်

## အုပ်စု (၁) ဝိနယပိဋက
## မဟာဝါ ပါဠိတော် မြန်မာပြန် မေးခွန်း+ အဖြေလွှာ

မေး၁။ သစ္စာလေးပါးတရား၏ ဂုဏ်ရည်ရှစ်ချက်တို့တွင် နောက်ဆုံး(၅)ချက်ကိုသာ ဖြေဆို၍၊ ကာလာမနွယ်ဖွား အာဠာရ ရသေ့၏ ဂုဏ်ရည်တို့ကို ဖြေဆိုပြီး၊ ပထမဦးဆုံး တေဝါစိကာ ဥပါသိကာမကိုလည်း ဖြေဆိုပါ

၁။ အဖြေ---

၁။ ငြိမ်သက်၏ ၂။ မွန်မြတ်၏ ၃။ တက္ကီပုဂ္ဂိုလ်တို့၏ ကျက်စားရာမဟုတ် ၄။ သိမ်မွေ့၏

၅။ ပညာရှိတို့၏သာ သိနိုင်၏။ (ပြန်-၉) (၅)မှတ်

ဂုဏ်ရည်--

၁။ ပညာရှိ၏ ၂။ လိမ္မာ၏ ၃။ ထက်မြတ်သောဉာဏ်ရှိ၏ ၄။ ကာလကြာမြင့်စွာကပင် ပညာမျက်စိ၌ ကိလေသာမြူနည်းပါးခဲ့၏ (ပြန်- ၁၁) (၄)မှတ်

တေဝါစိကာဥပါသိကာမ= အရှင်ယသ ၏ မိခင် (သို့) သုဇာတာသူဌေးသမီး (ပြန်-၂၈)

(၁)မှတ်

မေး ၂။ ဒုတိယမာရကထာ၌ ဝါကျွတ်ပြီး၍ ရဟန်းတို့အား မြတ်ဗုဒ္ဓမိန့်ကြားအပ်သော စကားရပ်ကို ဖြေဆို၍၊ ဥရုဝေဠကဿပ ထိတ်လန့်စေသော မြတ်ဗုဒ္ဓ၏ စကားရပ်ကို ဖြေဆိုပြီ ဗိမ္ဗိသာရမင်း တရားထူးရရာ အရပ်ဒေသကိုလည်း ဖြေဆိုပါ။

၂။ အဖြေ

စကားရပ်---

ရဟန်းတို့ ငါဘုရားသည် အသင့်အားဖြင့် နှလုံးသွင်းခြင်းကြောင့် အသင့်အားဖြင့် ကောင်းစွာ အားထုတ်ခြင်းကြောင့် အတုမရှိ မြတ်သောအရဟတ္တဖိုလ်သို့ ရောက်တော်မူပြီ၊ အတုမရှိ မြတ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုတော်မူပြီ၊ ရဟန်းတို့ သင့်တို့သည်လည်း အသင့်အားဖြင့် နှလုံးသွင်း ခြင်းဖြင့် အသင့်အားဖြင့် ကောင်းစွာအားထုတ်ခြင်းဖြင့် အတုမရှိ မြတ်သောအရဟတ္တဖိုလ်သို့ ရောက်ကြကုန်လော၊ အတုမရှိ မြတ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကြကုန်လော့။ (ပြန်-၃၃) (၅) မှတ်

ထိတ်လန့်စကား--

ကဿပ သင်ကား ရဟန္တာလည်း မဟုတ်သေး၊ အရဟတ္တဖိုလ်နှင့် ပြည့်စုံသူလည်းမဟုတ်၊ သင့်အား ရဟန္တာဖြစ်ရန်သော်လည်းကောင်း၊ အရဟတ္တဖိုလ်နှင့် ပြည့်စုံရန်သော်လည်းကောင်း ဖြစ်နိုင်သော အကျင့်လည်း မရှိ။ (ပြန်- ၄၅) (၃- မှတ်)

အရပ်ဒေသ--

ရာဇဂြိုဟ်ပြည် ထန်းတောဥယျာဉ်တွင်း သုပ္ပတိဋ္ဌစေတီ ပညောင်ပင်ကြီး။(ပြန်-၄၉) (၂-မှတ်)

မေး ၃။ လိင်ဆယ်ပါး ပညတ်ရခြင်းအကြောင်းဝတ္ထုကို ဖြေဆိုရှ်၊ အလဇ္ဇီရဟန်းဟု ခွဲခြားသိနိုင်ရန် နည်းလမ်းကို လည်း ဖြေဆိုပြီး ပါတိမောက်အဓိပ္ပါယ်ကိုလည်း ဖြေဆိုပါ။

၃။ အဖြေ ==

တရံရောအခါ၌ သာကီဝင်မင်းသား အရှင်ဥပနန္ဒ၏ တပည့်ဖြစ်သော ကဏ္ဍကသာမဏေသည် ကဏ္ဍကိ အမည်ရှိသော ဘိက္ခုနီမကို ဖျက်ဆီး၏၊ ရဟန်းတို့သည် `` အဘယ့်ကြောင့် သာမဏေသည် ဤသို့သဘောရှိသော မပြုကျင့်အပ်သော အမှုကို ပြုကျင့်ဘိသနည်း `` ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားသောကြောင့် လိင်ဆယ်ပါး ပညတ်ရခြင်း ဖြစ်ပါသည်။ (ပြန်-၁၂၀)

(၄-မှတ်)

နည်းလမ်း---

ရဟန်းကောင်းတို့နှင့် သဘောတူသည့်အဖြစ်ကို သိအောင်ပြုအံ့- ဟု လေးရက်ငါးရက် ဆိုင်းငံ့၍ သိအောင်ပြုရမည်။ (ပြန်-၁၂၈)

(၂-မှတ်)

ပါတိမောက်အဓိပ္ပါယ်---

ပါတိမောက္ခသံဝရသီလသည် ကုသိုလ်တရားတို့၏ အစဖြစ်၏၊ ကုသိုလ်တရားတို့၏ ရှေ့သွားဖြစ်၏၊ ကုသိုလ်တရားတို့၏ ရှေ့ဆောင်ဦးစီး အကြီးအမှူးဖြစ်၏၊ ထို့ကြောင့် ပါတိမောက်ဟု ခေါ်ပါသည်။

(ပြန်-၁၄၅)

(၄-မှတ်)

မေး၄။ ပါတိမောက်ရွတ်ပြရာ၌ အန္တရာယ်တို့တွင် နောက်ဆုံး(၃)ချက်ကို ဖြေဆို၍၊ အာဂန္တုက ရဟန်းများသည် အာဝါသိက ရဟန်းတို့ရှိကြောင်း ကြားနိုင်သော အခြင်းအရာကို ဖြေဆိုပြီး၊ ပရိဝါသ်ထိုက်သူထံ သွားရာ၌ နှလုံးသွင်း ရည်ရွယ်ချက်ကိုလည်း ဖြေဆိုပါ။

၄။ အဖြေ===

အန္တရာယ်--

၁။ မြွေ ကင်း သန်းအန္တရာယ် ၂။ အသက်အန္တရာယ် ၃။ မြတ်သောအကျင့်၏အန္တရာယ်

(ပြန်-၁၅၆)

(၃-မှတ်)

ကြားနိုင်သောအခြင်းအရာ---

၁။ စင်္ကြံသွားသော ရဟန်းတို့၏ ဖြေသံ ၂။ သရဇ္ဈာယ်သံ ၃။ ချောင်းဟန့်သံ ၄။ ခြေဆတ်သံ

(ပြန်-၁၈၆)

(၄-မှတ်)

ရည်ရွယ်ချက်---

၁။ ပရိဝါသ်ပေးခြင်းမှုလည်း လုံ့လပြုအံ့ ၂။ ကမ္မဝါစာမှုလည်း ဖတ်ပေးအံ့ ၃။ ဂိုဏ်းပြည့်သော်လည်း ဖြစ်အံ့။ (ပြန်-၁၉၉)

(၃-မှတ်)

မေး၅။မချမ်းမသာနေခဲ့ပါလျက် ချမ်းသာစွာနေခဲ့ကုန်၏ဟု ဝန်ခံကုန်သော ကောသလဇနပုဒ် ရဟန်းများအား မြတ်ဗုဒ္ဓ ဥပမာပြကဲ့ရဲ့ပုံကို ဖြေဆို၍၊ ပဝါရဏာနေ့မဟုတ်ဘဲ ပဝါရဏာ ပြုနိုင်ရာအခါနှင့် ပဝါရဏာကွန္တက ဝတ္ထုပေါင်း မည်မျှရှိသည်ကိုလည်း သချာမျှ ဖြေဆိုပါ။

၅။ အဖြေ==

ကဲ့ရဲ့ပုံ--

ရဟန်းတို့ ဤမဂ်ဖိုလ်အချည်းနှီး ယောကျ်ားတို့သည် မချမ်းသာဘဲ နေကုန်လျက် ချမ်းသာစွာ နေကုန်၏- ဟု ဝန်ခံကုန်ဘိ၏၊ ဤမဂ်ဖိုလ်အချည်းနှီး ယောကျ်ားတို့သည် နွားတို့၏ နေခြင်းကဲ့သို့ နေကုန်လျက် ချမ်းသာစွာနေကုန်၏-ဟု ဝန်ခံကုန်ဘိ၏၊ ရဟန်းတို့ ဤမဂ်ဖိုလ်အချည်းနှီး ယောကျ်ား တို့သည် ဆိတ်တို့၏ နေခြင်းကဲ့သို့ နေကုန်လျက် ချမ်းသာစွာ နေကုန်၏-ဟု ဝန်ခံကုန်ဘိ၏၊ ရဟန်းတို့ ဤမဂ်ဖိုလ်အချည်းနှီး ယောကျ်ားတို့သည်၊ ရန်သူတို့၏ နေခြင်းကဲ့သို့ နေကုန်လျက် ချမ်းသာစွာ နေကုန်၏-ဟု ဝန်ခံကုန်ဘိ၏၊ ရဟန်းတို့ အဘယ့်ကြောင့် ဤမဂ်ဖိုလ်အချည်းနှီး ယောကျ်ားတို့သည် တိတ္ထိတို့ ဆောက်တည်အပ်သော သူအကဲ့သို့ စကားမဆိုသော အကျင့်ကို ဆောက်တည်ကုန် ဘိသနည်း-ဟု ကဲ့ရဲ့တော်မူပါသည်။ (ပြန်-၂၂၁)

(၇-မှတ်)

ပဝါရဏာပြုနိုင်ရာအခါ--

သံဃာ၏ ညီညွတ်ရာအခါ ဖြစ်ပါသည် ။ (ပြန်-၂၄၈)

(၁-မှတ်)

ဝတ္ထုပေါင်း-- (၄၆)ဝတ္ထု။ (ပြန်-၂၆၂)

(၂-မှတ်)

မေး ၆။ သောဏကောဠိဝိသရဟန်းအား တရားအားထုတ်ရာ၌ နည်းလမ်းကျစေရန် မြတ်ဗုဒ္ဓ ပေးသနားတော်မူသော နည်းလမ်းကို ဥပမာမဖက် သက်သက်ရေးသား၍၊ ဘုရားရှင် ခွင့်ပြုသော ခြေနင်း (၃) မျိုးနှင့် မဇ္ဈိမဒေသအရပ် ကို တောင်, အနောက်, မြောက်မျက်နှာ အရပ်အားဖြင့် အသီးသီး ပိုင်းခြားပြခဲ့ပါ။

၆။ အဖြေ===

နည်းလမ်း--

သောဏ လွန်စွာအားထုတ်အပ်သော ဝီရိယသည် ပျံ့လွင့်ခြင်းငှာ ဖြစ်၏၊ လျော့လွန်းသောဝီရိယသည် ပျင်းရိခြင်းငှာ ဖြစ်၏၊ သောဏ ထို့ကြောင့် သင်သည် ဝီရိယနှင့် သမာဓိ မျှသောအဖြစ်ကို ဆောက်တည်လော့၊ သဒ္ဓါစသော ဣန္ဒြေတို့၏လည်း ညီမျှသောအဖြစ်ကို သိလော့၊ ထိုသို့မျှသော အခါ၌ သမထစသော နိမိတ်ကို ဖြစ်စေလော့-ဟု ပေးသနားတော်မူပါသည်။(ပြန်-၂၆၇) (၄-မှတ်)

ခြေနင်း---

အမြဲတည်လျက် မပြောင်းမရွေ့ကောင်းသော ၁။ ကျင်ကြီးသွားရာ ခြေနင်း ၂။ ကျင်ငယ်သွားရာ ခြေနင်း ၃။ သန့်သက်ရေခြေနင်း (ပြန်-၂၆၇) (၃-မှတ်)

မဇ္ဈိမအရပ်ဒေသခွဲပုံ--

တောင်အရပ်၌ သေတကဏ္ဏိကမည်သော နိဂုံးရှိ၏၊ ထိုနိဂုံး၏ အပြင်ဘက်ကား ပစ္စန္တရစ်၊ အတွင်းကား မဇ္ဈိမဒေသ။

အနောက်အရပ်၌ ထူနမည်သော ပုဏ္ဏားရွာရှိ၏၊ ထိုရွာ၏ အပြင်ဘက်ကား ပစ္စန္တရစ်၊ အတွင်းကား မဇ္ဈိမဒေသ။

မြောက်အရပ်၌ ဥသီရဒ္ဓဇမည်သော တောင်ရှိ၏၊ ထိုတောင်၏ အပြင်ဘက်ကား မစ္စန္တရစ်၊ အတွင်းကား မဇ္ဈိမဒေသ။ (ပြန်-၂၈၈) (၃-မှတ်)

မေး ၇။ "အနာဟူက ဆေးရှိစွ"ဟုဆိုရာ၌ အောက်ဖော်ပြပါ ရောဂါတို့ကို ကုသရာဆေးတို့ကို ဖြေဆို၍၊ မြတ်ဗုဒ္ဓအလိုကျ အိမ်ရာဆောက်လုပ်ရာ၌ ကျင့်ဝတ်နှင့် အကျိုးကိုလည်း ဖြေဆိုပါ။

(က) လက်ခြေတို့၌ဖြစ်သော လေရောဂါ၊

(ခ) အဆစ်ကိုက်ခဲသော လေရောဂါ၊

(ဂ) ဝမ်းမီးပျက်ရောဂါ၊

(ဃ) ဖျော့တော့ပိန်ကြုံသော ရောဂါ။

၇။ အဖြေ

(က)ချွေးထုတ်မှုကို ပြုရမည် (ပြန်-၂၉၇) (၁-မှတ်)

(ခ) သွေးကို ထုတ်ရမည် (ပြန်-၂၉၈) (၁-မှတ်)

(ဂ) ထမင်းခြောက်ပြားငံရည်ကို သောက်ရမည် (ပြန်-၂၉၉) (၁-မှတ်)

(ဃ) နွားကျင်ငယ်ရေဖြင့် စိမ်ထားသော ဖန်ခါးသီးရေကို သောက်ရမည် (ပြန်-၂၉၉) (၁-မှတ်)

ကျင့်ဝတ်--

ဆောက်လုပ်ရာအရပ်၌ သီလရှိသော ကိုယ်နှုတ်နလုံးစောင့်သုံးသော မြတ်သောအကျင့်ရှိသော ပုဂ္ဂိုလ်တို့ကို ဆွမ်းကျွေး၍ခြင်း၊ နတ်တို့အား အလှူ၏ အဖို့ကို အမျှပေးဝေခြင်း (ပြန်-၃၂၆) (၂-မှတ်)

အကျိုး--

နတ်တို့၏ အပူဇော်ခံရသဖြင့် ထိုအမျှပေးဝေသောသူကို တုံ့ပြန်ပူဇော်ခြင်း၊ မြတ်နိုးသဖြင့်လည်း တုံ့ပြန်၍ မြတ်နိုးကုန်ခြင်း၊ မိခင်သည် ရင်ခွင်၌ ဖြစ်သောသားကို စောင့်ရှောက်သကဲ့သို့ နတ်တို့သည် ထိုအမျှပေးဝေသူကို စောင့်ရှောက်ခြင်း၊ နတ်တို့စောင့်ရှောက်အပ်သောသူသည် အခါခပ်သိမ်း ကောင်းခြင်းမင်္ဂလာကိုသာ တွေ့မြင်ရခြင်း။ (ပြန်-၃၂၆) (၄-မှတ်)

မေး ၈။ ရောဇမလ္လမင်း ဆွမ်းစားဇရပ်၌ မတွေ့မြင်သော ပစ္စည်း (၂)မျိုးကို ဖော်ပြ၍၊ မြတ်ဗုဒ္ဓ ပေးသော မြေခွန်ပေးပုံ နည်းလမ်းကို ဖြေဆိုပြီး၊ ကထိန်အာနိသင်(၅)ပါးကိုလည်း ဖြေဆိုပါ။

၈။ အဖြေ==

၁။ ဟင်းရွက် ၂။ မုန့်ခဲဖွယ် (ပြန်-၃၅၀)

(၂-မှတ်)

<u>နည်းလမ်း--</u>

သံဃိကမျိုးစေ့ကို ပုဂ္ဂလိကမြေ၌ စိုက်ပျိုးလတ်သော် ဆယ်ဘို့တစ်ဘို့(သီးစားပေး၍) သုံးဆောင်ရမည်။
ပုဂ္ဂလိကမျိုးစေ့ကို သံဃိကမြေ၌ စိုက်ပျိုးလတ်သော် ဆယ်ဘို့တစ်ဘို့(သီးစားပေး၍)
သုံးဆောင်ရမည်။ (ပြန်-၃၅၂)

(၂-မှတ်)

<u>ကထိန်အာနိသင် (၅)ပါး --</u>

၁။ ထင်ရှားရှိသောရဟန်းကို မပန်ကြားဘဲ ဒါယကာအိမ်သို့ သွားနိုင်ခြင်း၊

၂။ တိစီဝရိတ်အဓိဋ္ဌာန်တင်သင်္ကန်းကို မယူဘဲသွားနိုင်ခြင်း၊

၃။ ဂဏဘောဇဉ်ကို စားနိုင်ခြင်း၊

၄။ အလိုရှိတိုင်း အဓိဋ္ဌာန်ဝိကပ္ပနာမပြုသောသင်္ကန်းကို ဆောင်နိုင်ခြင်း၊

၅။ ကထိန်ခင်းရာကျောင်း၌ သင်္ကန်းဖြစ်ပေါ်လာတိုင်း ကထိန်ခင်းသောရဟန်းတို့အား ဖြစ်ရခြင်း၊

(ပြန်-၃၅၆)

(၆-မှတ်)

မေး ၉။ မိုးရေခံသင်္ကန်းထားနိုင်ရာ အင်္ဂါတို့ကို ဖြေဆို၍၊ ငါးပါးအစုရှိသောသံဃာ၏ မပြုကောင်း သောကံကို ဖြေဆိုပြီး၊ သံဃာကွဲရာ၌ နေထိုင်ရမည့်ကျင့်ဝတ်ကိုလည်း ဖြေဆိုပါ။

၉။ အဖြေ==

အင်္ဂါ (၅) ချက်--

၁။နာဖျားခြင်း ၂။သိမ်အပသို့သွားသည်မှုလည်းဖြစ်ခြင်း ၃။မြစ်တစ်ဘက်သို့သွားလိုသည်မှုလည်း ဖြစ်ခြင်း ၄။ လုံခြုံသောတံခါးရွက်ရှိသောကျောင်းသည်မှုလည်းဖြစ်ခြင်း ၅။မိုးရေခံသင်္ကန်း မချုပ်ရသေးခြင်း ချုပ်၍မပြီးသေးခြင်း။ (ပြန်-၄၁၇)

(၅-မှတ်)

မပြုကောင်းသောကံ--

၁။ မဇ္ဈိမဇနပုဒ်၌ ဥပသမ္ပဒကံ ၂။ အဗ္ဘာနကံ (ပြန်-၄၄၅)

(၂-မှတ်)

ကျင့်ဝတ်--

သံဃာကွဲသော် မတရားသောအမှုကို ပြုလသော် ဝမ်းမြောက်ဝမ်းသာမဖြစ်သော် ဤအမှုဖြင့် အချင်းချင်းမလျော်သော ကာယကံကိုငှင်း ဝစီကံကိုငှင်း မပြုကုန်အံ့၊ လက်ရောက်ကျူးလွန်မှုကိုလည်း မပြုကုန်အံ့- ဟု နေရာ၌ ထိုင်ရမည်။

(၂-မှတ်)

သံဃာကွဲသော် တရားသောအမှုကို ပြုလသော် ဝမ်းမြောက်ဝမ်းသာဖြစ်သော် တနေရာခြား၍ ထိုင်ရမည်။ (ပြန်-၄၉၃)

(၁-မှတ်)

မေး ၁၀။အောက်ပါကွက်လက်များကို မှန်ကန်စွာ ဖြည့်ပြပါ။
(က) မြတ်စွာဘုရားသည် သတ္တဝါတို့အား တရားမဟောအံ့ဟု အကြံဖြစ်ရာအရပ်မှာ ----- ဖြစ်ပါသည်။
(ခ)ဥ တ္တိစတုတ္ထကမ္မဝါစာဖြင့် ပထမဆုံးရဟန်းခံပေးသော ဥပဇ္ဈာယ်ဆရာ၏အမည်မှာ ----- ဖြစ်ပါသည်။
(ဂ) သောဏကုဋိကဏ္ဏဥပါသကာ၏ ဇာတိဒေသမှာ ----- ဖြစ်ပါသည်။
(ဃ)ဇီဝကဆေးဆရာ၏မိခင်အမည်မှာ-----ဖြစ်ပါသည်။
(င)မရောက်လာသေးသောသီလရှိသောရဟန်းတို့သည်အဘယ်သို့ရောက်လာကုန်ရာပါအံ့နည်း
- စသည်ဖြင့်ကြောင့်ကြစိုက်သော ကျောင်းထိုင်ရဟန်းအမည်မှာ ----- ဖြစ်ပါသည်။

၁၀။ အဖြေ==

(က) ဆိတ်ကျောင်းညောင်ပင်

(ခ) အရှင်သာရိပုတ္တရာ

(ဂ) အဝန္တီတိုင်း ကုရုရဃရ/ကုရရဃရ

(ဃ) သာလဝတီပြည့်တန်ဆာမ

(င) ကဿပဂေါတ္တရဟန်း

(၂-မှတ်စီ-၁၀-မှတ်)

၂၀၁၉. (၁၃၈၁) ခုနှစ် ပိဋကသုံးပုံမြန်မာပြန် စာမေးပွဲ

# မဟာဝါဘာသာ မေးခွန်းနှင့်အဖြေ

မေး။ ၁။ သောတာပန်ပုဂ္ဂိုလ်၏ ဂုဏ်ရည် (၈) ချက်တို့တွင် အလယ် (၄) ချက်ကိုသာ ဖြေဆိုပြီး၊ ယသအမျိုးကောင်းသား၏ စိတ်၌ သုသာန်သင်္ချိုင်းကဲ့သို့ ထင်လာစေသော ဖြေဖျော်သူ မိန်းကလေးတို့၏ အိပ်ပျော်နေဟန်ကို သံဝေဂဖြစ်ဖွယ်ရေးသားဖြေဆိုပါ။

ဖြေ။ ၁။ သောတာပန်ပုဂ္ဂိုလ်၏ ဂုဏ်ရည်(၈)ချက်တို့တွင် အလယ်(၄)ချက်ကား-

၁။ တရားကိုသိပြီးဖြစ်ခြင်း၊ ၂။ တရားသို့ သက်ဝင်ပြီးဖြစ်ခြင်း၊

၃။ ယုံမှားခြင်းကို ကူးမြောက်ပြီးဖြစ်ခြင်း၊ ၄။ သို့လောသို့လော တွေးတောခြင်းကင်းပြီးဖြစ်ခြင်း၊

(၄ - မှတ်) (ပြန် - ၁၉)

ယသအမျိုးကောင်းသား၏စိတ်၌ သုသာန်သင်္ချိုင်းကဲ့သို့ထင်လာစေသော ဖြေဖျော်သူ မိန်းကလေးတို့၏ အိပ်ပျော်နေဟန်ကား -

မိန်းမတစ်ယောက်က လက်ကတီး၌ စောင်းကိုပိုက်လျက်၊ မိန်းမတစ်ယောက်က လည်၌ မုရိုးစည်းကို လွယ်လျက်၊ မိန်းမတစ်ယောက်က လက်တီး၌ ထက်စည်ကို ပိုက်လျက်၊ မိန်းမတစ်ယောက်က ဆံပင်ဖရိုဖရဲကြဲလျက်၊ မိန်းမတစ်ယောက်က သွားရည်ယိုစီးလျက်၊ အခြားသောမိန်းမတို့ကား ယောင်ယမ်း ကုန်လျက်၊ လက်သို့ရောက်သော သုသာန်သင်္ချိုင်းကဲ့သို့ အိပ်ပျော်နေကြကုန်၏။

(၆ - မှတ်) (ပြန် - ၂၃)

မေး။ ၂။ အာစရိယဝတ္တကထာ၌ မြတ်ဘုရားရှင်ပညတ်ခွင့်ပြုအပ်သော မိုရာလေးပါးပြောကြားရမည့်အချိန်ကို ဖြေဆို၍၊ နိဿရည်းဆရာမှ နိဿရည်းပျက်ကြောင်းအင်္ဂါ (၆)ပါးတို့တွင် နောက်ဆုံးအင်္ဂါ (၄)ပါးကိုသာ ဖြေဆိုပြီး၊ သာကီဝင်မင်းမျိုးဖြစ်သော တိတ္ထိဖြစ်ဖူးသူအား ပရိဝါသ်မပေးရဟု ဘုရားရှင်မိန့်တော်မူခြင်းအကြောင်းကို ဖြေဆိုပါ။

ဖြေ။ ၂။ အာစရိယဝတ္တကထာ၌ မြတ်ဘုရားရှင်ပညတ်ခွင့်ပြုအပ်သော မိုရာလေးပါးပြောကြားရမည့်အချိန် -

ရဟန်းပြုပြီးသည့် အခြားမဲ့၌ မိုရာလေးပါးတို့ကို ပြောကြားရပါမည်။ (၃- မှတ်) (ပြန်- ၇၇)

နိဿရည်းဆရာမှ နိဿရည်းပျက်ကြောင်းအင်္ဂါ(၆)ပါးတို့တွင် နောက်ဆုံးအင်္ဂါ(၄)ပါးကား-

၁။ သေခြင်း ၂။ တိတ္ထိဘောင်သို့ပြောင်းသွားခြင်း

၃။ နှင်ထုတ်ခံရခြင်း ၄။ ဉပဇ္ဈာယ်ဆရာနှင့်တွေ့ဆုံခြင်း။ (၄-မှတ်) (ပြန်-၁၉)

သာကဝင်မင်းမျိုးဖြစ်သော တိတ္ထိဖြစ်ဖူးသူအား ပရိဝါသ်မပေးရဟု ဘုရားရှင်မိန့်တော်မူခြင်းအကြောင်း-

ဆွေမျိုးတို့အားသီးခြားဖြစ်သောအစောင့်အရှောက်ကို ပေးလိုသောကြောင့် ဖြစ်သည်။ (၃-မှတ်) (ပြန်- ၁၀၂)

မေး။ ၃။ ထင်ရှားရှိသော အာပတ်မည်သည်ကို ဖြေဆို၍၊ ဥပုသ်ပြုရာသို့ သွားရအံ့လော မသွားရအံ့လောဟု ဒွိဟဖြစ်နေသော အရှင်မဟာကပ္ပိနအား မြတ်ဘုရားမိန့်ကြားတော်မူသော စကားရပ်ကို ဖြေဆိုပြီး၊ ဝိနည်းကိုမေးသောသူ၏ ကျင့်ဝတ်ကိုလည်းဖြေဆိုပါ။

ဖြေ။ ၃။ ထင်ရှားရှိသောအာပတ်မည်သည်-

အာပတ်သို့ရောက်သည်လည်းဖြစ်သော အာပတ်သင့်ပြီး၍ ထိုအာပတ်မှမထသေးသော အာပတ်ဖြစ်ပါသည်။ (၃-မှတ်) (ပြန်-၁၄၆)

ဥပုသ်ပြုရာသို့သွားရအံ့လော မသွာရအံ့လောဟု ဒွိဟဖြစ်နေသော အရှင်မဟာကပ္ပိနအား မြတ်ဘုရားမိန့်ကြားတော်မူသော စကားရပ်-

မကောင်းမှုမှအပပြုပြီးသော သင်တို့သည်အကယ်၍ဥပုသ်ကိုအရိုအသေမပြုကုန်အံ့ အလေးအမြတ်မပြုကုန်အံ့၊ မမြတ်နိုးကုန်အံ့၊ မပူဇော်ကုန်အံ့၊ သို့ဖြစ်လျှင် အဘယ်သူသည် ဥပုသ်ကို အရိုအသေ အလေးအမြတ်ပြုလတ္တံ့နည်း၊ မြတ်နိုးပူဇော်လတ္တံ့နည်း၊ မကောင်းမှုမှ အပပြုပြီးသော ရဟန်း သင်သည် ဥပုသ်ပြုရာသို့သွားလောသံဃာကံပြုရာသို့သွားလော မသွားဘဲမနေလင့်ဟု မိန့်တော်မူ၏။ (၄-မှတ်) (ပြန်- ၁၄၈)

ဝိနည်းကို မေးသောသူ၏ ကျင့်ဝတ်ကား-

ရဟန်းတို့သံဃာ့အလယ်၌သမ္မုတိရသော်လည်းပရိသတ်ကိုကြည့်ရှု၍ပုဂ္ဂိုလ်ကို ချိန်ဆ၍ဝိနည်းကိုမေးရပါမည်။ (၃-မှတ်) (ပြန်-၁၅၇)

မေး။ ၄။ ပဉ္စမ သွားကောင်းသောခွင့်ပြုခြင်းတို့တွင် နောက်ဆုံးခွင့်ပြုခြင်း အကြောင်းဖြစ်ပေါ်လာပုံကိုရေး၍၊ ပဝါရဏာအကျိုး(၃)ပါးကိုလည်း ဖြေဆိုကာ ပဝါရဏာပြုရာ၌ ခွင့်ပြုတော်မူအပ်သော ထိုင်ပုံ အခြင်းအရာကိုလည်း ဖြေဆိုပါ။

ဖြေ။ ၄။ ပဉ္စမသွားကောင်းသော ခွင့်ပြုခြင်းတို့တွင် နောက်ဆုံးခွင့်ပြုခြင်း အကြောင်းဖြစ်ပေါ်လာပုံကား-

ထိုအခါ၌ သံဃာ၏ကျောင်းသည်ပြို၏၊ ဥပါသကာတစ်ယောက်သည် တော၌ သစ်ဘဏ္ဍာကို ဖြတ်စေ၏၊ ထိုဥပါသကာသည်လည်း ရဟန်းတို့၏အထံသို့ အကယ်၍ အရှင်ကောင်းတို့သည် သစ်ဘဏ္ဍာကို ဆောင်စေကုန်ပါမူ အကျွန်ုပ်သည် ထိုသစ်ဘဏ္ဍာကို လှူပါအံ့ဟု တမန်ကိုစေလွှတ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့ သံဃာ့ကိစ္စဖြင့်သွားခြင်းကို ခွင့်ပြု၏။ (၇)ရက်အတွင်းပြန်လာရမည်ဟု မိန့်တော်မူ၏။ (၄-မှတ်) (ပြန်-၂၀၅)

ပဝါရဏာအကျိုး(၃)ပါးကား-

၁။ အချင်းချင်း လိုက်လျောခြင်း၊

၂။ အာပတ်မှ ထမြောက်ခြင်း၊

၃။ ဝိနည်းကို ရှေ့ရှုခြင်း။ (၃-မှတ်) (ပြန်-၂၂၂)

ပဝါရဏာပြုရာ၌ ခွင့်ပြုတော်မူအပ်သော ထိုင်ပုံအခြင်းအရာကား-

ရဟန်းတို့ မိမိပဝါရဏာပြုစဉ်တွင်း စောင့်ကြောင့်ထိုင်နေခြင်းငှာ ပဝါရဏာပြုပြီးနောက် နေရာ၌ထိုင်နေခြင်းငှာ ခွင့်ပြု၏။ (၃-မှတ်) (ပြန်-၂၂၃)

မေး။ ၅။ ပဝါရဏာဖြင့် သင်္ဂြိုလ်ထောက်ပံ့ခြင်း(ပဝါရဏာသင်္ဂဟ) ဖြစ်ပေါ်လာပုံ အကြောင်းဝတ္ထုကို ဖြေဆို၍၊ ရှစ်သောင်းကုန်သောရွာသားတို့အား ဗိမ္ဗိသာရမင်းကြီးဆုံးမပုံကို ဖြေဆိုပါ။

ဖြေ။ ၅။ ပဝါရဏာဖြင့် သင်္ဂြိုဟ်ထောက်ပံ့ခြင်း(ပဝါရဏာ သင်္ဂဟ)ဖြစ်ပေါ်လာပုံ-

ထိုအခါကောသလတိုင်းဇနပုဒ်တို့တွင်ကျောင်းတစ်ကျောင်းဝယ် မြင်ဖူးကာမျှ အဆွေခင်ပွန်းဖြစ်ကုန်သော အတူသုံးဆောင်ဖော် သုံးဆောင်ဖက် အဆွေခင်ပွန်းဖြစ်ကုန်သော များစွာသောရဟန်းတို့သည် ဝါကပ်ကုန်၏၊ ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုန်ခြင်းမရှိဘဲ နေကြသော ထိုရဟန်းတို့အား အမှတ်မရှိသော ချမ်းသာစွာနေခြင်းကိုရ၏။

ထိုအခါ ထိုရဟန်းတို့အားညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာ ငြင်းခုန်ခြင်းမရှိဘဲ နေကုန်သောငါတို့အား အမှတ်မရှိသော ချမ်းသာစွာနေခြင်းကို ရ၏။ အကယ်၍ ငါတို့သည် ယခုအခါ၌ပဝါရဏာပြုကုန်အံ့ အချို့သောရဟန်းတို့သည် ပဝါရဏာပြုပြီးလျှင် ဒေသစာရီလှည့်လည်သွားကုန်ရာ၏။ ဤသို့သွားသည် ရှိသော် ငါတို့သည်ချမ်းသာစွာနေခြင်းမှ အပဖြစ်ကုန်အံ့၊ အဘယ်သို့လျှင် ငါတို့သည် ကျင့်အပ်ပါအံ့နည်းဟု အကြံဖြစ်၏၊ မြတ်စွာဘုရားအား လျှောက်ထားခြင်းကြောင့် ဖြစ်ပေါ်လာပါသည်။ (၆-မှတ်) (ပြန်-၂၅၉)

ရှစ်သောင်းကုန်သောရွာသားတို့အား ဗိမ္ဗိသာရမင်းကြီးဆုံးမပုံကား-

အချင်းတို့ ပစ္စုပ္ပန်ဘဝ၌ ခံစားအပ်သောအကျိုးစီးပွား၌ ငါလည်း သင်တို့ကို ဆုံးမအပ်ကုန်ပြီ၊ သွားကုန်လော့ထိုမြတ်စွာဘုရားကိုဆည်းကပ်ကုန်လော့၊ထိုငါတို့၏မြတ်စွာဘုရားသည်တမလွန်ဘဝ၌ဖြစ်သော အကျိုးစီးပွားကို ဆုံးမလတ္တံ့။ (၄-မှတ်) (ပြန်-၂၆၃)

မေး။ ၆။ ရဟန်းပြုခွင့်တောင်းနေသော သောဏကုဋိကဏ္ဏအား ရှင်မဟာကစ္စည်း၏ မိန့်တော်မူသော စကားရပ်ကို ဖြေဆို၍၊ ရှင်မဟာကစ္စည်းပြောပြသောဘုရားရှင်၏ ကြည်ညိုဖွယ်ရာဂုဏ်တော်များကို ဖြေဆိုပြီး၊ စမ္မက္ခန္ဓက၌ ဝတ္ထုပေါင်းမည်မျှရှိသည်ကိုလည်း သင်္ချာမျှ ဖြေဆိုပါ။

ဖြေ။ ၆။ ရဟန်းပြုခွင့်တောင်းနေသောသောဏကုဋိကဏ္ဏအား ရှင်မဟာကစ္စည်း၏ မိန့်တော်မူသော စကားရပ်ကား-

သောဏ အသက်ထက်ဆုံး တစ်ယောက်တည်းသာ အိပ်ရသော တစ်ထပ်တည်းသာ စားရသောမြတ် သော အကျင့်ကို ကျင့်ခြင်းငှာ ခဲယဉ်း၏။ သောဏတိုက်တွန်း၏ သင်သည် ထိုလူ့ဘောင်၌သာလျှင် လူဖြစ်လျက် အခါကာလအားလျော်စွာ တစ်ယောက်တည်းသာ အိပ်ရသော တစ်ထပ်တည်းသာ စားရသော ဘုရား၏ အဆုံးအမဟု ဆိုအပ်သော မြတ်သောအကျင့်ကို ကျင့်လော့ဟု မိန့်တော်မူပါသည်။ (၄-မှတ်) (ပြန်-၂၈၄)

ရှင်မဟာကစ္စည်းပြောပြသော ဘုရားရှင်၏ ကြည်ညိုဖွယ်ရာဂုဏ်တော်များကား-

ရှုချင်ဖွယ်ရှိခြင်း၊ ကြည်ညိုဖွယ်ရှိခြင်း၊ ငြိမ်သက်သောဣန္ဒြေရှိခြင်း၊ ငြိမ်သက်သောစိတ်နှလုံးရှိခြင်း၊ မြတ်သောပညာ မြတ်သောတည်ကြည်ခြင်းသို့ ရောက်တော်မူခြင်း၊ ယဉ်ကျေးသည့်နှလုံးရှိတော်မူခြင်း၊ စောင့်စည်းအပ်သောသီလရှိတော်မူခြင်း၊အားထုတ်အပ်သောဝီရိယရှိတော်မူခြင်း၊ မကောင်းမှုမှကင်းတော်မူခြင်း။ (၄-မှတ်) (ပြန်-၂၈၅)

စမ္မက္ခန္ဓက၌ ဝတ္ထုပေါင်း- (၆၃)ဝတ္ထုဖြစ်ပါသည်။ (၂-မှတ်) (ပြန်-၂၉၀)

မေး။ ၇။ မြတ်စွာဘုရားခွင့်ပြုတော်မူအပ်သော မျက်စဉ်း(၅)မျိုးနှင့် ဆီကျည်ပူး(၃)မျိုးကို ဖြေဆို၍၊ အောက်ပါအနာတို့ ပျောက်ကင်းနိုင်သောဆေးတို့ကို တိကျစွာဖြေဆိုပါ။

(က) မြွေကိုက်နာ ၊ (ခ) ပီယဆေးကြောင့်ဖြစ်သော အနာ ၊ (ဂ) အရေပြားရောဂါအနာ

ဖြေ။ ၇။ မြတ်စွာဘုရားခွင့်ပြုတော်မူအပ်သော မျက်စဉ်း(၅)မျိုးကား-

၁။ မဲသော မျက်စဉ်း၊

၂။ အထူးထူးသောဆေးတို့ဖြင့်ဖော်စပ်အပ်သော မျက်စဉ်း၊

၃။ မြစ်ရေအယဉ်စသည်တို့၌ဖြစ်သော မျက်စဉ်း၊

၄။ ငွေ့နီမျက်စဉ်း၊

၅။ မှင်သေမျက်စဉ်း၊ (၄-မှတ်) (ပြန်-၂၉၅)

ဆီကျည်ပူး(၃)မျိုးကား-

၁။ ကြေးဖြင့်ပြုအပ်သော ဆီကျည်၊

၂။ သစ်သားဖြင့်ပြုအပ်သော ဆီကျည်၊

၃။ သစ်သီးဖြင့်ပြုအပ်သော ဆီကျည်၊ (၃-မှတ်) ) (ပြန်-၂၉၇)

အောက်ပါအနာတို့ ပျောက်ကင်းနိုင်သော ဆေး-

(က) မြွေကိုက်နာ = ကျင်ကြီး ကျင်ငယ် ပြာ မြေညတ်ဟူသော မဟာဝိကဋဆေး၊

(ခ) ပီယဆေးကြောင့်ဖြစ်သောအနာ = ထွန်သွား၌ကပ်သောမြေကို ဖျော်၍သောက်ရမည်၊

(ဂ) အရေပြားရောဂါအနာ = နံ့သာလိမ်းရမည်၊ (၃-မှတ်) (ပြန်-၂၉၉)

မေး။ ၈။ သဒ္ဓါတရားနည်းသောအမတ်ကြီး ကုသိုလ်ရ/မရ မြတ်ဘုရားဖြေကြားတော်မူပုံကို ဖြေဆို၍၊ ရဟန်းသံဃာနှင့်အတူ ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ရောက်တော်မူသောမြတ်ဘုရား၏ ဥဒါန်းစကားနှင့် သီဟစစ်သူကြီး ပထမအကြိမ်သရဏဂုံဆောက်တည်ရာ၌ မြတ်ဘုရားမိန့်တော်မူသော စကားရပ်တို့ကို ဖြေဆိုခဲ့ပါ။

ဖြေ။ ၈။ သဒ္ဓါတရားနည်းသောအမတ်ကြီး ကုသိုလ်ရ/မရ မြတ်ဘုရားဖြေကြားတော်မူပုံကား-

ဒါယကာ သင်သည်နက်ဖြန်ဆွမ်းဘုဉ်းပေးရန် ဘုရားအမှူးရှိသော ရဟန်းအပေါင်းကို ပင့်ဖိတ်သည်မှစ၍ များစွာသောကောင်းမှုကို ဆည်းပူးအပ်ပြီ၊ သင်သည် တစ်ပါးတစ်ပါးသော ရဟန်းကို တစ်လုံးတစ်လုံးသော ဆွမ်းကို လှူသည်မှစ၍ များစွာသော ကောင်းမှုကို ဆည်းပူးအပ်ပြီ၊ နတ်ပြည်၌ ဖြစ်စေတတ်သော ကောင်းမှုကို အားထုတ်အပ်ပြီဟု မိန့်တော်မူ၏။ (၄-မှတ်) (ပြန်-၃၁၉)

ရဟန်းသံဃာနှင့်အတူ ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ရောက်တော်မူသောမြတ်ဘုရား၏ ဥဒါန်းစကား-

နက်ကျယ်လှစွာသော တဏှာမြစ်ကို ကူးသောအရိယာပုဂ္ဂိုလ်တို့သည် အရိယာမဂ်တံတားကို ဆောက်လုပ်၍ ကိလေသာညွန်ပြောင်းတို့ကို ပယ်စွန့်လျက် ကူးသွားကုန်၏။ လူအပေါင်းသည်ကား ဖောင်ကိုဖွဲ့နေရ၏။ တဏှာမြစ်ကို ကူးမြောက်ပြီးသော ပညာရှိအရိယာပုဂ္ဂိုလ်တို့သည်ကား ဖောင်ကို မဖွဲ့ရတော့သည်သာတည်း။ (၄-မှတ်) (ပြန်-၃၂၇)

သီဟစစ်သူကြီး ပထမအကြိမ်သရဏဂုံဆောက်တည်ရာ၌ မြတ်ဘုရားမိန့်တော်မူသော စကားရပ်ကား-

သီဟ စူးစမ်းဆင်ခြင်၍ပြုလော့၊ သင်တို့ကဲ့သို့ ထင်ရှားကျော်စောသောသူတို့အား စူးစမ်းဆင်ခြင်၍ ပြုခြင်းသည် ကောင်း၏။ (၂-မှတ်) (ပြန်-၃၃၆)

မေး။ ၉။ ကထိန်၏ ပလိဗောဓ(၂)ပါးကို အဓိပ္ပါယ်နှင့်တကွ ဖြေဆို၍၊ သက်န်းချုပ်နည်း(၅)မျိုးကိုလည်း ဖြေဆိုပြီး၊ နိဿဒိုင်ခွင့်ပြုရခြင်းအကြောင်းကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ၉။ ကထိန်၏ ပလိဗောဓ(၂)ပါးနှင့် အဓိပ္ပါယ်ကား-

၁။ ရဟန်းတို့ ရဟန်းသည် ထိုကျောင်း၌ နေမှုလည်း နေအံ့၊ ပြန်လာဦးမည်ဟု ငဲ့ခြင်းရှိသည်ဖြစ်၍မှုလည်း ဖဲသွားအံ့- ဤသို့လျှင် အာဝါသပလိဗောဓဖြစ်၏။

၂။ ရဟန်းတို့ ရဟန်းအား သင်္ကန်းမချုပ်ရသေးသည်မှုလည်းဖြစ်၏၊ ချုပ်၍ မပြီးသေးသည်မှုလည်းဖြစ်၏၊ သင်္ကန်းရလိုခြင်းသည်မှုလည်း မပြတ်ဆဲ- ဤသို့လျှင် စီဝရပလိဗောဓဖြစ်၏။ (၄-မှတ်) (ပြန်-၃၇၆)

သင်္ကန်းချုပ်နည်း(၅)မျိုးကား-

ရဟန်းတို့ ဖာခြင်းကိုလည်းကောင်း၊ အပ်ဖြင့်ချုပ်ခြင်းကိုလည်းကောင်း၊ လုံး၍ချုပ်ခြင်းကိုလည်းကောင်း၊ တစ်လုပ်မြောင်းချုပ်ခြင်းကိုလည်းကောင်း၊ အပေါ်၌ထပ်၍ ဖာခြင်းကိုလည်းကောင်း ခွင့်ပြုတော်မူ၏။ (၃-မှတ်) (ပြန်-၄၀၇)

နိသီဒိုင်ခွင့်ပြုရခြင်းအကြောင်းကား-

ရဟန်းတို့ကိုယ်ကိုလုံခြုံစေခြင်းငှာလည်းကောင်း၊သင်္ကန်းကို လုံခြုံစေခြင်းငှာလည်းကောင်း၊ အိပ်ရာနေရာကို လုံခြုံစေခြင်းငှာလည်းကောင်း၊ ခွင့်ပြုတော်မူပါသည်။ (၃-မှတ်) (ပြန်-၄၁၃)

မေး။ ၁၀။ အောက်ပါကွက်လပ်များကို မှန်ကန်စွာ ဖြေဆိုပါ။

(က) ဗိမ္ဗိသာရမင်းကြီးတရားရရာ အရပ်မှာ ......................ဖြစ်ပါသည်။

(ခ) ................၌ ခါးပန်းကြိုးကို ထားရမည်။

(ဂ) နဂါး၏ ပင်ကိုသဘောထင်ရှားဖြစ်ပေါ်လာပုံ အကြောင်းတို့ကား ..............တို့ဖြစ်သည်။

(ဃ) ဒီဃာဝုဝတ္တာ၌ မြတ်ဘုရား၏ နောက်ဆုံးစကားတော်မှာ ................. ဖြစ်ပါသည်။

(င) သံဃာညီညွတ်ရာခဏ၌ပင်လျှင် ပြုရမည့်အရာမှာ ............ တို့ဖြစ်ပါသည်။

ဖြေ။ ၁၀။ ကွက်လပ်များအဖြေကား-

(က) ဗိမ္ဗိသာရမင်းကြီးတရားရရာ အရပ်မှာ(ထန်းတောဥယျာဉ် သုပ္ပတိဋ္ဌမည်သောနတ်ကွန်း) ဖြစ်ပါသည်။ (၂-မှတ်) (ပြန်-၄၉)

(ခ) (သင်္ကန်းခေါက်အတွင်း)၌ခါးပန်းကြိုးကို ထားရမည်။ (၂-မှတ်) (ပြန်-၆၃)

(ဂ) နဂါး၏ ပင်ကိုယ်သဘောထင်ရှားဖြစ်ပေါ်လာပုံ အကြောင်းတို့ကား (ဇာတ်တူနဂါးမ၌ မေထုန်မှီဝဲခြင်း၊ သတိလွတ်ကင်း အိပ်ပျော်ခြင်း) တို့ဖြစ်ပါသည်။ (၂-မှတ်) (ပြန်-၁၂၃)

(ဃ) ဒီဃာဝုဝတ္တာ၌ မြတ်ဘုရား၏နောက်ဆုံး စကားတော်မှာ(ကြုံအချည်းနှီးဖြစ်သော ယောကျ်ားတို့သည် ဆုံးမခြင်းမှ ကုန်ဆုံးခြင်းသဘောရှိကုန်၏၊ ဆုံးမ၍ မရတော့ကုန်၊ သိစေရန် မလွယ်ကုန်) ဖြစ်ပါသည်။ (၂-မှတ်) (ပြန်-၅၀၂)

(င) သံဃာညီညွတ်ရာခဏ၌ပင်လျှင် ပြုရမည့်အရာမှာ(ဥပုသ်ကိုပြုရမည်၊ ပါတိမောက်ကို ပြရမည်) တို့ဖြစ်ပါသည်။ (၂-မှတ်) (ပြန်-၅၁၃)

ရန်ကုန်မြို့

ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၁) ဝိနယပိဋက**

**မဟာဝါပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၄ - ခုနှစ်၊ နယုန်လပြည့်ကျော် ၉ - ရက်၊ (၂၂ - ၆ - ၂၀၂၂) ဗုဒ္ဓဟူးနေ့

ဖြေဆိုချိန်။ ။ ၄ - နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ အာဒိတ္တပရိယာယသုတ်ကို ဟောတော်မူရာ နေရာနှင့် တရားနာယူသောပရိသတ်အရေအတွက်ကို ဖြေဆို၍၊ ဗိမ္ဗိသာရမင်းအား ဘုရားရှင်ဟောတော်မူသောတရားကိုလည်း ပြည့်စုံစွာ ဖြေဆိုပါ။

၂။ အာပတ်ထင်ရှားရှိလျှင် အဘယ်တရားတို့၏ အန္တရာယ်ကို ပြုတတ်သည်ကို ဖြေဆိုကာ၊ အကျဉ်းအားဖြင့် ပါတိမောက်ပြခွင့်ရှိသော အန္တရာယ်တို့တွင် နောက် (၅) ပါးတို့ကိုသာ ဖြေဆိုပါ။

၃။ သိက္ခမာန်အထံ မပင့်သော်လည်း ရဟန်းအဖို့ သွားကောင်းသောအကြောင်းများကို ရေး၍၊ ရဟန်းအား မြတ်သောအကျင့်၏ အန္တရာယ်ကို ပြုနိုင်သော မိန်းမတစ်ယောက်၏ ဖိတ်မန်ပုံကို ဖြေဆိုပါ။

၄။ ပဝါရဏာနေ့၌ အဖမ်းခံရမည့် ရဟန်းအတွက် လာရောက်ဖမ်းသူတို့အား ပြောဆိုရမည့် စကားတို့ကို ရေး၍၊ (၂) ကြိမ်ဆို၍ ပဝါရဏာပြုခြင်းဖြစ်ပေါ်လာပုံကိုလည်း ဖြေဆိုပါ။

၅။ ရဟန်းများ ဖိနပ်စီးခွင့်ရစေရန် အရှင်သောဏ၏ လျှောက်တင်သော စကားရပ်ကို ဖြေဆိုကာ၊ အရှင်မဟာကစ္စာနပြောပြသော ဘုရားရှင်၏ ဂုဏ်တော်တို့ကို ဖြေဆိုပါ။

၆။ ပါဋလိပုတ်မြို့အတွက် ဘုရားရှင်၏ ကြိုတင်ဟောတော်မူသော စကားရပ်ကို ရေး၍၊ နေလွဲအခါ အရည် သက်သက်သော်လည်း မသောက်ကောင်းသော အရည် ၃-မျိုးကို ရေးကာ၊ ကာလိက ၄-ပါးနှင့် စပ်၍ ဘုရားရှင်၏ မိန့်တော်မူသောစကားရပ်ကို ဖြေဆိုပါ။

၇။ ကထိန်အကျိုး (၅)မျိုးကို ရေး၍၊ ကထိန်၏ ပလိဗောဓတို့ကို အဓိပ္ပာယ်နှင့်တကွ ဖြေဆိုပါ။

၈။ အရှင်အာနန္ဒာ၏ သင်္ကန်းချုပ်ခြင်းနှင့်စပ်၍ ဘုရားရှင် ချီးမွမ်းတော်မူသော စကားရပ်ကို ရေး၍၊ ဗာရာဏသီမြို့၌ သင်္ကန်းနှင့်စပ်၍ ဘုရားခွင့်ပြုတော်မူသော စကားရပ်တို့ကိုလည်း ဖြေဆိုပါ။

၉။ သံဃာ့အလယ်၌ တားမြစ်ရာမရောက်သောပုဂ္ဂိုလ်တို့တွင် နောက်ဆုံးငါးယောက်ကို ရေး၍၊ တားမြစ်ရာရောက်သောပုဂ္ဂိုလ်ကိုလည်း ဖြေဆိုကာ နှင်ထုတ်ခြင်းသို့ မရောက်သော်လည်း ကောင်းသော နှင်ထုတ်ခြင်း ဖြစ်သောပုဂ္ဂိုလ်ကိုလည်း ဖြေဆိုပါ။

၁၀။ သံဃာကွဲရာ၌ တရားမှု မတရားမှုကို မည်သို့နှလုံးသွင်းနေထိုင်ရမည်ကို ဘုရားရှင်မိန့်တော်မူသည့်အတိုင်း ဖြေဆို၍၊ အဓိကရုဏ်းဖြစ်သောရဟန်းတို့၌ ဒကာ, ဒကာမတို့ကျင့်သုံးရမည့် နည်းလမ်းကိုလည်း ဖြေဆိုပါ။

**တစ်ပုဒ်စီလျှင် (၁၀)မှတ်စီ**

## ၁၃၈၄၊ ၂၀၂၂ ခုနှစ်
## ပိဋကသုံးပုံပါဠိတော် မြန်မာပြန် စာမေးပွဲ
## အုပ်စု(၁) မဟာဝါပါဠိတော် မေးခွန်း နှင့် အဖြေ

---

၁။ အာဒိတ္တပရိယာယသုတ်ကို ဟောတော်မူရာ နေရာနှင့် တရားနာယူသောပရိသတ်အရေအတွက်ကို ဖြေဆို၍၊ ဗိမ္ဗိသာရမင်းအား ဘုရားရှင်ဟောတော်မူသောတရားကိုလည်း ပြည့်စုံစွာ ဖြေဆိုပါ။

၁။ **နေရာ–** ဂယာသီသအရပ်။ **ပရိသတ်–** ရဟန်းတစ်ထောင်။( ၂-မှတ်စီ)

**ဟောတော်မူသောတရား–**

ဒါနနှင့်စပ်သောစကား, သီလနှင့်စပ်သောစကား, နတ်ပြည်နှင့်စပ်သောစကား, ကာမဂုဏ်တို့၏ အပြစ် ယုတ်ညံ့ခြင်း ညစ်ညူးခြင်း ကာမဂုဏ်မှထွက်မြောက်ခြင်း၌ အကျိုးတို့ကို ပြတော်မူ၏။ ထို့နောက် ဆင်းရဲဒုက္ခသစ္စာကိုငှ်င်း ဆင်းရဲကြောင်းဖြစ်သောသမုဒယသစ္စာကိုငှ်င်း ဆင်းရဲချုပ်ရာနိရောဓသစ္စာကိုငှ်င်း ဆင်းရဲချုပ်ရာသို့ရောက်ကြောင်း လမ်းစဉ် မဂ္ဂသစ္စာကိုငှ်င်း ပြတော်မူ၏။(၆-မှတ်)

---

၂။ အာပတ်ထင်ရှားရှိလျှင် အဘယ်တရားတို့၏ အန္တရာယ်ကို ပြုတတ်သည်ကို ဖြေဆိုကာ၊ အကျဉ်းအားဖြင့် ပါတိမောက်ပြခွင့်ရှိသော အန္တရာယ်တို့တွင် နောက် (၅) ပါးတို့ကိုသာ ဖြေဆိုပါ။

၂။ **အန္တရာယ်ပြုနိုင်သောတရား–** ပဌမစျာန်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ ဒုတိယစျာန်ကို ရခြင်း အန္တရာယ်ကို ပြုတတ်၏၊ တတိယစျာန်ကိုရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ စတုတ္ထစျာန်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊စျာန်မဂ်သမာဓိ သမာပတ် နေက္ခမ္မ နိဿရဏ ပဝိဝေကဟုဆိုအပ်သော ကုသိုလ်တရားတို့ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏။ (၅-မှတ်)

**အန္တရာယ်(၅)ပါး–**ဘီလူး၊ သားရဲ၊ မြွေ၊ ကင်း၊ သန်း၊ အသက်၊ မြတ်သောအကျင့်၏ အန္တရာယ်။(၅-မှတ်)

---

၃။ သိက္ခမာန်ကြောင့် မပင့်သော်လည်း ရဟန်းအဖို့ သွားကောင်းသောအကြောင်းများကို ရေး၍၊ ရဟန်းအား မြတ်သောအကျင့်၏ အန္တရာယ်ကို ပြုနိုင်သော မိန်းမတစ်ယောက်၏ ဖိတ်မန်ပုံကို ဖြေဆိုပါ။

၃။ **သိက္ခမာန်ကြောင့် မပင့်သော်လည်း သွားကောင်းသောအကြောင်းများ**

သိက္ခမာန်သည် နာဖျားနေခြင်း၊ သိက္ခမာန်အား မမွေ့လျော်ခြင်း၊ သိက္ခမာန်အား တွေးတောမှု သံသယကုက္ကုစ္စဖြစ်ခြင်း၊ သိက္ခမာန်အား မိစ္ဆာအယူဖြစ်ခြင်း၊ သိက္ခမာန်အား သိက္ခာပျက်စီးခြင်း၊သိက္ခမာန်သည် ပဉ္စင်းခံလိုခြင်း။(၆-မှတ်)

**ဖိတ်မန်ပုံ–** အရှင်ဘုရား ကြွလာတော်မူပါ၊ အရှင့်အား ငွေကိုဖြစ်စေ ရွှေကိုဖြစ်စေ လယ်ကိုဖြစ်စေ ယာကိုဖြစ်စေ နွားကိုဖြစ်စေ နွားမကိုဖြစ်စေ ကျွန်ကိုဖြစ်စေ ကျွန်မကိုဖြစ်စေ လှူပါအံ့၊ အရှင့်အား မယားအလို့ငှာ သမီးကိုသော်လည်း လှူပါအံ့၊ အကျွန်ုပ်သည်မူလည်း အရှင်၏ မယားဖြစ်ပါအံ့၊ အရှင့်အတွက် တပါးသော မယားကိုမူလည်း ဆောင်ပေးပါအံ့။ (၄-မှတ်)

---

၄။ ပဝါရဏာနေ့၌ အဖမ်းခံရမည့် ရဟန်းအတွက် လာရောက်ဖမ်းသူတို့အား ပြောဆိုရမည့် စကားတို့ကို ရေး၍၊ (၂) ကြိမ်ဆို၍ ပဝါရဏာပြုခြင်းဖြစ်ပေါ်လာပုံကိုလည်း ဖြေဆိုပါ။

၄။ **ပြောဆိုပုံ–**

'ဒါယကာတို့ တောင်းပန်ပါ၏၊ သင်တို့သည် ဤရဟန်းကို ပဝါရဏာပြုပြီးသည်တိုင်အောင် တခဏမျှ လွှတ်ကြကုန်လော့'ဟု ပြောဆိုရမည်။ဤသို့ ပြောဆိုသည့်အတိုင်းရခဲ့သော်ကောင်း၏။

အကယ်၍ မရခဲ့သော် ထိုအဆွေအမျိုးတို့ကို ရဟန်းတို့သည် 'ဒါယကာတို့ တောင်းပန်ပါ၏၊ ဤရဟန်း ပဝါရဏာပြုပြီးသည်တိုင်အောင် သင်တို့သည် သင့်တင့်လျောက်ပတ်သောအရပ်၌ နေကုန်လော့'ဟု ပြောဆိုရမည်။

ဤသို့ ပြောဆိုသည့်အတိုင်းရခဲ့သော်ကောင်း၏၊ အကယ်၍ မရခဲ့သော် ထိုအဆွေအမျိုးတို့ကို ရဟန်းတို့သည် 'ဒါယကာတို့ တောင်းပန်ပါ၏၊ သင်တို့သည် ဤရဟန်းကို သံဃာ့ပဝါရဏာ ပြုပြီးသည်တိုင်အောင် တခဏမျှ သိမ်အပသို့ ဆောင်ကုန်လော့'ဟု ပြောဆိုရမည်။

**(၂)ကြိမ်ဆို၍ ပဝါရဏာပြုခြင်းဖြစ်ပေါ်လာပုံ–**

တရံရောအခါ ကောသလတိုင်းဇနပုဒ်၌ တခုသောကျောင်း ဝယ် ပဝါရဏာနေ့၌ လူရိုင်းဘေးသည် ဖြစ်၏၊ ရဟန်းတို့သည် ၃ကြိမ်စီဆို၍ ပဝါရဏာပြုခြင်းငှာ မတတ်နိုင် ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏၊ ရဟန်းတို့ ၂ကြိမ်စီဆို၍ ပဝါရဏာပြုခြင်းငှာ ခွင့်ပြုတော်မူ၏။

---

၅။ ရဟန်းများ ဖိနပ်စီးခွင့်ရစေရန် အရှင်သောဏ၏ လျှောက်တင်သော စကားရပ်ကို ဖြေဆိုကာ အရှင်မဟာကစ္စာနပြောပြသော ဘုရားရှင်၏ ဂုဏ်တော်တို့ကို ဖြေဆိုပါ။

၅။ **အရှင်သောဏပြန်လည်လျှောက်တင်သောစကား–**

အရှင်ဘုရား တပည့်တော်သည် လှည်းအစီး ရှစ်ဆယ်တိုက်ရသော ရွှေငွေတို့ကိုငှင်း ဆင်တပ်ပေါင်း ခုနစ်တပ်ကိုငှင်း စွန့်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ အရှင်ဘုရား ထိုသို့ဖြစ်ပါလျှက် တပည့်တော်သည် လွှာချင်းဘိနပ်ကို အကယ်၍ ဆောင်ငြားအံ့၊ ထိုတပည့်တော်အား ကောဋိဝိသမျိုး၌ ဖြစ်သော သောဏသည် လှည်းအစီးရှစ်ဆယ်တိုက်ရသော ရွှေငွေတို့ကိုငှင်း ဆင်တပ်ပေါင်း ခုနစ်တပ်ကိုငှင်း စွန့်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။ ထိုသောဏသည် ယခုအခါ လွှာချင်းဘိနပ်တို့၌ ကပ်ငြိတွယ်တာ၏ဟု ပြောဆိုကြကုန်လတ္တံ့၊ အကယ်၍ မြတ်စွာဘုရားသည် ရဟန်းအပေါင်းအား ခွင့်ပြုငြားအံ့၊ တပည့်တော်သည်လည်း သုံးဆောင်ပါအံ့၊ အကယ်၍ မြတ်စွာဘုရားသည် ရဟန်းအပေါင်းအား ခွင့်မပြုငြားအံ့၊ တပည့်တော်သည်လည်း မသုံးဆောင်ပါ ဟု လျှောက်၏။(၅-မှတ်)

**အရှင်ကစ္စာနပြောပြသော ဘုရားရှင်၏ ဂုဏ်တော်–**

ရှုချင်ဖွယ်ရှိသော ကြည်ညိုဖွယ်ရှိသော ငြိမ်သက်သော ဣန္ဒြေရှိသော ငြိမ်သက်သော စိတ်နှလုံးရှိတော်မူသော မြတ်သောပညာ မြတ်သောတည်ကြည်ခြင်းသို့လည်း ရောက်တော်မူပြီးသော ယဉ်ကျေးသည့် နှလုံးတော်လည်းရှိသော စောင့်စည်းသည့် သီတင်းသီလလည်းရှိတော်မူသော အားထုတ်အပ်သည့် ဝီရိယိန္ဒြေလည်း ရှိတော်မူသော မကောင်းမှုမှလည်း ကင်းတော်မူသော မြတ်စွာဘုရား။ (၅-မှတ်)

---

၆။ ပါဋလိပုတ်မြို့အတွက် ဘုရားရှင်၏ ကြိုတင်ဟောတော်မူသောစကားရပ်ကို ရေး၍ နေ့လွဲအခါ အရည် သက်သက်သော်လည်း မသောက်ကောင်းသော အရည်၃မျိုးကို ရေးကာ ကာလိက၄ပါးနှင့် စပ်၍ ဘုရားရှင်၏ မိန့်တော်မူသောစကားရပ်ကို ဖြေဆိုပါ။

၆။ **ပါဋလိပုတ်မြို့အတွက် ဘုရားရှင်၏ ကြိုတင်ဟောသောစကားရပ်**

အာနန္ဒာ အရိယန်လူမျိုးတို့၏ စုဝေးနေထိုင်ရာ ကူးသန်းရောင်းဝယ်ရာမြို့တို့တွင် ဤမြို့သစ်သည် ထုတ်ကုန်များကိုဖွင့်လှစ်ရောင်းချရာ ပါဋလိပုတ်မည်သော မြို့ကြီးဖြစ်လတ္တံ့၊ အာနန္ဒာ ပါဋလိပုတ်မြို့၌ မီးကြောင့်ဖြစ်စေ ရေကြောင့်ဖြစ်စေ အချင်းချင်း ကွဲပြားမှုကြောင့်ဖြစ်စေ ဤသုံးပါးသော အန္တရာယ်တို့သည် ဖြစ်ကုန်လတ္တံ့ ဟု မိန့်တော်မူ၏။(၃-မှတ်)

**အရည်သုံးမျိုး–** စပါးသီးအရည်၊ ဟင်းရွက်ကျက်အရည်၊ သစ်မည်စည်ပွင့်အရည်။(၃-မှတ်)

**ကာလိက၄ပါးနှင့်စပ်၍ ဘုရားရှင်မိန့်တော်မူသောစကားရပ်–**

"ရဟန်းတို့ ယာဝကာလိကနှင့် ယာမကာလိကကို ထိုနေ့၌ အကပ်ခံအပ်သည်ဖြစ်အံ့၊ နံနက်အခါ၌ အပ်၏၊ နေလွဲအခါ၌ မအပ်၊

ရဟန်းတို့ ယာဝကာလိကနှင့် သတ္တာဟကာလိကကို ထိုနေ့၌ အကပ်ခံအပ်သည်ဖြစ်အံ့၊ နံနက်အခါ၌ အပ်၏၊ နေလွဲအခါ၌ မအပ်၊

ရဟန်းတို့ ယာဝကာလိကနှင့် ယာဝဇီဝိကကို ထိုနေ့၌ အကပ်ခံအပ်သည်ဖြစ်အံ့၊ နံနက်အခါ၌ အပ်၏၊ နေလွဲအခါ၌ မအပ်။

ရဟန်းတို့ ယာမကာလိကနှင့် သတ္တာဟကာလိကို ထိုနေ့၌ အကပ်ခံအပ်သည်ဖြစ်အံ့၊ ညချမ်းအခါ၌ အပ်၏၊ ညချမ်းအခါလွန်သော်မအပ်၊

ရဟန်းတို့ ယာမကာလိကနှင့် ယာဝဇီဝိကကို ထိုနေ့၌ အကပ်ခံအပ်သည်ဖြစ်အံ့၊ ညချမ်းအခါ၌ အပ်၏၊ ညချမ်းအခါလွန်သော် မအပ်။

ရဟန်းတို့ သတ္တာဟကာလိကနှင့် ယာဝဇီဝိကကို အကပ်ခံအပ်သည်ဖြစ်အံ့၊ ခုနစ်ရက်ပတ်လုံး အပ်၏၊ ခုနစ်ရက်လွန်သော် မအပ်။ (၄-မှတ်)

---

၇။ ကထိန်အကျိုး (၅)မျိုးကို ရေး၍၊ ကထိန်၏ ပလိဗောဓတို့ကို အဓိပ္ပာယ်နှင့်တကွ ဖြေဆိုပါ။

၇။ **ကထိန်အကျိုး ငါးမျိုး–**

(က) ထင်ရှားရှိသောရဟန်းကို မပန်ကြားပဲ ဒါယကာအိမ်သို့သွားနိုင်ခြင်း

(ခ) တိစီဝရိက် အဓိဋ္ဌာန်တင်သောသင်္ကန်းကို မယူပဲ သွားနိုင်ခြင်း

(ဂ) ဂဏဘောဇဉ်ကို စားနိုင်ခြင်း

(ဃ) အလိုရှိတိုင်း အဓိဋ္ဌာန် ဝိကပ္ပနာမပြုသော သင်္ကန်းကို ဆောင်နိုင်ခြင်း

(င) ထိုကထိန်ခင်းသောကျောင်း၌ သင်္ကန်းဖြစ်ပေါ်လာတိုင်း ကထိန်ခင်းသောရဟန်းတို့အား ဖြစ်ရခြင်း။ (၅-မှတ်)

**ကျောင်းဟူသောပလိဗောဓ–**

ရဟန်းသည် ထိုကျောင်း၌ နေမူလည်း နေအံ့၊ "ပြန်လာဦးမည်"ဟု ငဲ့ခြင်းရှိသည်ဖြစ်၍မူလည်း ဖဲသွားအံ့၊ဤသို့လျှင် ကျောင်းဟူသော အာဝါသပလိဗောဓဖြစ်၏။(၂-မှတ်)

**သင်္ကန်းဟူသောပလိဗောဓ–**

ရဟန်းအား သင်္ကန်းမချုပ်ရသေးသည်မူလည်း ဖြစ်၏၊ ချုပ်၍မပြီးသေးသည်မူလည်း ဖြစ်၏၊ သင်္ကန်းရလိုခြင်းသည်မူလည်း မပြတ်စဲ။ ရဟန်းတို့ ဤသို့လျှင် သင်္ကန်းဟူသော စီဝရပလိဗောဓဖြစ်၏။(၃-မှတ်)

---

၈။ အရှင်အာနန္ဒာ၏ သက်န်းချုပ်ခြင်းနှင့်စပ်၍ ဘုရားရှင် ချီးမွမ်းတော်မူသော စကားရပ်ကို ရေး၍၊ ဗာရာဏသီမြို့၌ သက်န်းနှင့်စပ်၍ ဘုရားခွင့်ပြုတော်မူသော စကားရပ်တို့ကိုလည်း ဖြေဆိုပါ။

၈။ **အရှင်အာနန္ဒ၏ သင်္ကန်းချုပ်ခြင်းနှင့်စပ်၍ ချီးမွမ်းတော်မူတော် စကားရပ်–**

ရဟန်းတို့ အာနန္ဒာသည် ပညာရှိပေစွ၊ ရဟန်းတို့ အာနန္ဒာသည် ကြီးသော ပညာရှိပေစွ၊ အာနန္ဒာသည် ငါဘုရား အကျဉ်းအားဖြင့် ဟောအပ်သောပါဠိတော်၏ အနက်ကို အကျယ်အားဖြင့် သိဘိ၏၊ အနားပတ် တလုပ်မြောင်းရှည် မည်သည်ကိုလည်း ပြုဘိ၏၊ တလုပ်မြောင်းငယ်ကိုလည်း ပြုဘိ၏၊ အိမ်ခမ်းကြီးကိုလည်း ပြုဘိ၏၊ အိမ်ခွဲကိုလည်း ပြုဘိ၏၊ အလယ်ခေါင်ကိုလည်း ပြုဘိ၏၊ ခေါင်ရံကိုလည်း ပြုဘိ၏၊ လည်ထိရာ၌ ခံသော အနားပတ်ကိုလည်းပြုဘိ၏၊ မြင်းခေါင်းထိရာ၌ခံသော အနားပတ်ကိုလည်း ပြုဘိ၏ လက်လိပ်ကိုလည်း ပြုဘိ၏၊ ဖြတ်လည်းဖြတ်ဘိ၏၊ ဓားဖြတ်ခြင်းဖြင့် ကြမ်းတမ်း၍ ရဟန်းတို့အား လျောက်ပတ်၏၊ ရန်သူတို့သည်လည်း အလိုမရှိအပ်၊ ရဟန်းတို့ ဖြတ်သောဒုကုဋ် ဖြတ်သောကိုယ်ဝတ် ဖြတ်သောသင်းပိုင်ကို ခွင့်ပြု၏"ဟု မိန့်တော်မူ၏။ (၅-မှတ်)

**ဗာရာဏသီမြို့၌ သင်္ကန်းနှင့်စပ်၍ မိန့်တော်မူသောစကားရပ်–**

"ရဟန်းတို့ မဖွတ်သေးသောပုဆိုး မဖွတ်သေးသော ပုဆိုးသစ်နှင့်တူသော တကြိမ်သာဖွတ်သေးသော ပုဆိုး နှစ်ထပ်သော ဒုကုဋ်တထပ်သောကိုယ်ဝတ် တထပ်သောသင်းပိုင်ကို ခွင့်ပြု၏၊ ကာလကြာငြောင်း၍ ဟောင်းနွမ်းပြီးသောပုဆိုးတို့ဖြင့် ပြုအပ်သော လေးထပ်သော ဒုကုဋ် နှစ်ထပ်သောကိုယ်ဝတ် နှစ်ထပ်သော သင်းပိုင်ကိုငှ်င်း ပံသုကူ၌ အလိုရှိသမျှ ထပ်စိမ့်သောငှါငှ်င်း ခွင့်ပြု၏ အိမ်ဈေးစသည်၌ ကျသောပုဆိုးနွမ်းကို ရှာ မှီး ခြင်း၌ အားထုတ်ခြင်းကို ပြုရမည်၊ ရဟန်းတို့ ဖာခြင်းကိုငှ်င်း အပ်ဖြင့်ချုပ်ခြင်းကိုငှ်င်း လုံး၍ ချုပ်ခြင်း ကိုငှ်င်း တလုပ်အုပ်ခြင်းကိုငှ်င်း အရိအဆွေးကို မခွါပဲ အပေါ်၌ ထပ်၍ ဖာခြင်းကိုငှ်င်း ခွင့်ပြု၏"ဟု မိန့်တော်မူ၏။
(၅-မှတ်)

---

၉။ သံဃာ့အလယ်၌ တားမြစ်ရာမရောက်သောပုဂ္ဂိုလ်တို့တွင် နောက်ဆုံးငါးယောက်ကို ရေး၍၊ တား မြစ်ရာရောက်သောပုဂ္ဂိုလ်ကိုလည်း ဖြေဆိုကာ နှင်ထုတ်ခြင်းသို့ မရောက်သော်လည်း ကောင်းသော နှင်ထုတ်ခြင်း ဖြစ်သောပုဂ္ဂိုလ်ကိုလည်း ဖြေဆိုပါ။

၉။ **သံဃာ့အလယ်၌ တားမြစ်ရာမရောက်သော နောက်ဆုံးပုဂ္ဂိုလ် ငါးယောက်–**

(၁) ဥဘတောဗျည်း (၂)အထူးထူးသော ပေါင်းသင်းမှုရှိသူ၊
(၃) အသီးသီးသော သိမ်၌ တည်သောသူ (၄) တန်ခိုးဖြင့် အထက်ကောင်းကင်၌တည်သောသူ၊
(၅) သံဃာ့အလယ်၌ ကံပြုဆဲဖြစ်သောသူ။ (၅-မှတ်)

**တားမြစ်ရာရောက်သောပုဂ္ဂိုလ်–**

သံဃာ့အလယ်၌ ပကတတ်ဖြစ်သော သီလမပျက်သော ကံကြီးကံငယ်တူ သော တသိမ်တည်း၌တည်သော ရဟန်း၏ တားမြစ်ခြင်းသည် ရောက်၏။ (၂-မှတ်)

**နှင်ထုတ်ခြင်းသို့ မရောက်သော်လည်း ကောင်းသောနှင်ထုတ်ခြင်းဖြစ်သောပုဂ္ဂိုလ်–**

ဤသာသနာတော်၌ ရဟန်းသည် ဝိနည်းသိက္ခာပုဒ်ကို မသိ ဝိနည်းသိက္ခာပုဒ်၌ မလိမ္မာ များသော အာပတ်ရှိ၏၊ အာပတ်အပိုင်းအခြားမရှိ၊ ရဟန်းတို့အား မလျော်သော လူသူဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောပြွမ်းလျက် နေ၏၊ထိုပုဂ္ဂိုလ်ကို သံဃာက နှင်ထုတ်အံ့၊ ကောင်းသောနှင်ထုတ်ခြင်းတည်း။ ဤပုဂ္ဂိုလ်ကို နှင်ထုတ်ခြင်းသို့ မရောက်သော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။ (၃-မှတ်)

---

၁၀။ သံဃာကွဲရာ၌ တရားမှုမတရားမှုကို မည်သို့နှလုံးသွင်းနေထိုင်ရမည်ကို ဘုရားရှင်မိန့်တော်မူသည့် အတိုင်း ဖြေဆို၍၊ အဓိကရုဏ်းဖြစ်သောရဟန်းတို့၌ ဒကာဒကာမတို့ကျင့်သုံးရမည့် နည်းလမ်းကို လည်း ဖြေဆိုပါ။

၁၀။ **သံဃာကွဲရာ၌ တရားမှု မတရားမှုကို နှလုံးသွင်းနေထိုင်နည်း–**

"ရဟန်းတို့ သံဃာကွဲသော် မတရားသောအမှုကို ပြုသော် ဝမ်းမြောက်ဝမ်းသာ မဖြစ်သော် 'ဤမျှဖြင့် အချင်းချင်း မလျော်သောကာယကံကိုငှ်း ဝစီကံကိုငှ်း မပြကုန်အံ့၊ လက်ရောက်ကျူးလွန်မှုကိုလည်း မပြုကုန်အံ့' ဟု နေရာ၌ ထိုင်နေရမည်။ရဟန်းတို့ သံဃာကွဲသော် တရားသော အမှုကို ပြုသော် ဝမ်းမြောက်ဝမ်းသာဖြစ်သော် တနေရာခြား ထိုင်နေရမည်'။ (၅-မှတ်)

**အဓိကရုဏ်းဖြစ်သောရဟန်းတို့၌ ဒကာဒကာမတို့ ကျင့်သုံးရမည့်နည်းလမ်း–**

ဤသို့ဖြစ်လျှင် သင်တို့သည် နှစ်ဖက်သောသံဃာ၌ အလှူကို လှူလော့၊ နှစ်ဖက်သောသံဃာ၌ အလှူကို လှူပြီးလျှင် နှစ်ဖက်သောသံဃာ၌ တရားကို နာလော့၊ နှစ်ဖက်သောသံဃာ၌ တရားကို နာပြီးလျှင် ထိုနှစ်ဖက်သောသံဃာတွင် တရားကို ဆိုလေ့ရှိသောရဟန်းတို့၏ အမြင်ကိုငှ်း အလိုကိုငှ်း နှစ်သက်ခြင်းကိုငှ်း အယူကိုငှ်း နှစ်သက်လော့။ (၅-မှတ်)

---

**မဟာဝါပါဠိတော် မြန်မာပြန်အဖြေများ**

**ပြီးပြီ။**


တိပိဋက ယောဆရာတော် “တာရိုးလေးခု လုံအောင်ပြု” (အင်္ဂုတ္တရပါဠိ)
* အပိုအလုပ်၊ အလွန်ရှုပ်၊ ဆုတ်ယုတ်တရားကင်းကွာသည်။
* အပိုစကား၊ အလွန်များ၊ တရားဆုတ်ယုတ်သည်။
* အအိပ်အနေ၊ များလွန်းချေ၊ မုတ်လေတရားဆုတ်ယုတ်သည်။
* ရောနှောဆက်ဆံ၊ များလွန်းပြန်၊ ဧကန်တရားဆုတ်ယုတ်သည်။
* တာရိုးလေးခု၊ လုံအောင်ပြု၊ ကောင်းမှုတရားတိုးတက်သည်။
* တရားတန်ခိုး၊ လွန်မျှော်ကိုး၊ တာရိုးလေးခုလုံရမည်။
✍️အရှင်သီလဝံသာလင်္ကာရ(Y.S.O)🙏